ကြေးမုံ The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (20-3-2013) (၇၄၃၀)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆစ်ဒနီဆိပ်ကမ်းသာယာလှပမှု လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၉

**ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့တွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဆစ်ဒနီမြို့ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဆစ်ဒနီဆိပ်ကမ်းပတ်ဝန်းကျင်ရှိ SYDNEY Habour၊ Opera House (အမျိုးသားကဇာတ်ရုံ)၊ Rose Bay၊ Shark Island (ငါးမန်းကျွန်း)၊ National Park (အမျိုးသားသဘာဝဥယျာဉ်)၊ Sand Stone (သဲကျောက်တောင်)၊ Taronga Zoo နှင့် Garden Island တို့ကို MV Commissioner 2 သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**





မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆစ်ဒနီမြို့ရှိ အစိုးရအိမ်တော်သို့ ရောက်ရှိကြရာ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ H.E Professor Marie Bashir က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ H.E Professor Marie Bashir တို့သည် အစိုးရအိမ်တော် သီးသန့်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## ယနေ့ မာတိကာ

အနာဂတ်အတွက် တံခါးပွင့် စာမျက်နှာ - ၂
ကြယ်တံခွန်ဆိုသည်မှာ စာမျက်နှာ - ၆
အညာဆန် အမြန်ရထားပေါ်မှာ စာမျက်နှာ - ၁၀
အင်္ဂလန်အသင်းတွင် ပါဝင်ခွင့်မရခဲ့သည့် ဖာဒီနန် စာမျက်နှာ - ၁၃

# စည်ကားသိုက်မြိုက်စွာဆင်နွှဲ မန်းရွှေစက်တော်ဘုရားပွဲ

သတင်းနှင့် ဓာတ်ပုံ - အောင်မိုးစိုး(ကြေးမုံ)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်နှင့်အညီ ရွှေရောင်တဝင်းဝင်းဖြင့် ဘုရား၊ ကျောင်း၊ စေတီ၊ တန်ဆောင်း၊ ပြာသာဒ်တို့ နိုင်ငံတစ်ဝန်းလွှမ်းခြုံတည်ရှိနေသောကြောင့် ရွှေရောင်လွှမ်းသောမြေ (Golden Land) ဟု ပြည်ပခရီးသွားဧည့်သည်တို့က ဆိုစမှတ်ပြုကြသကဲ့သို့ ဆယ့်နှစ်လရာသီကာလတွင်လည်း ဘာသာရေးနှင့် ပတ်သက်ဆက်နွှယ်သော ပွဲတော်မရှိသည့်လဟူ၍ မရှိသောကြောင့် ဆယ့်နှစ်လရာသီပွဲတော်ဟူ၍ လရာသီနှင့် ပွဲတော်ကိုယှဉ်တွဲ၍ ကဗျာလင်္ကာတို့ စပ်ဆိုကမ္ပည်းထိုးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် သမိုင်းဝင်ဘုရားများ၊ သာသနိကအဆောက်အအုံများနှင့် သက်ဆိုင်ရာဒေသများတွင် ရာသီပွဲတော် အများအပြားရှိသည့်အနက် ယခုလရာသီတွင် မြန်မာနိုင်ငံ အနှံ့အပြား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ရဟန်းရှင်လူတို့ဖြင့် စည်ကားသိုက်မြိုက်စွာဆင်နွှဲနေသည့် ပွဲတော်တစ်ခုမှာ မင်းဘူးမြို့က မန်းရွှေစက်တော်ဘုရားပွဲပင်ဖြစ်သည်။ **(ယာပုံ)**

ယခုနှစ် မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို ဖေဖော်ဝါရီ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿





**ကြေးမုံစာတည်းရှုထောင့် ၂၀-၃-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

# အနာဂတ်အတွက် တံခါးပွင့်

မြန်မာနိုင်ငံတွင် ကြီးမားကျယ်ပြန့်သည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးကို ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုများစွာနှင့် လိုအပ်ချက်များစွာတို့ကို ကြုံတွေ့ရနိုင်သောကြောင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားကို ရှေးရှု၍ ပိုမိုကြိုးပမ်းအားထုတ်ကြရန်နှင့် အခက်အခဲများကို ကြံ့ကြံ့ခံနိုင်ရန် လိုအပ်ပေသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စိတ်ရင်းစေတနာမှန်တို့ကို နားလည် သိမြင်သဘောပေါက်ကြသောကြောင့် ဒီမိုကရေစီလမ်းစဉ်အရွေ့သည် ရှေ့သို့ တဖြည်းဖြည်းတိုးရွေ့လာသည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာ၌ အကူအညီအထောက်အပံ့နှင့် မိတ်ကောင်းဆွေကောင်းတို့ လိုအပ်ပေသည်။ လက်ရှိအနေအထားနှင့် နိုင်ငံခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်နိုင်မှုအရ မိတ်ကောင်းဆွေကောင်းများနှင့်အကူအညီ အထောက်အပံ့ကောင်းများလည်း ရရှိနေသည်။

ယခုနှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံကို ကူညီအားပေးကြသည့်နိုင်ငံများအနက် ဩစတြေးလျနိုင်ငံ တစ်နိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံနှင့် နိုင်ငံသားတို့က ဩစတြေးလျနိုင်ငံကို သမိုင်းဝင်မှတ်တမ်းတင်ထားကြမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို နှစ်နိုင်ငံလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါသဘောတူညီချက်ကြောင့် မြန်မာနိုင်ငံသို့ ပေးအပ်နေသည့် ဩစတြေးလျနိုင်ငံ၏ အထောက်အပံ့များမှာ ၂၀၁၅ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၁၀၀ အထိ မြင့်မားတိုးတက်လာသည်။

ထိုသို့မြင့်မားတိုးတက်လာသဖြင့် မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝများ မြင့်မားတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ဝမ်းမြောက်စရာ သာဓကတစ်ခုအဖြစ် ကျောင်းသားကလေးငယ် ၃၄၀၀၀အတွက် ကျောင်းနေထိုင်ခွင့်၊ ကျောင်းဆရာ ဆရာမ ၉၅၀၀အား လေ့ကျင့်သင်ကြားပေးခြင်းနှင့် မူလတန်းကျောင်းသား ၆၂၀၀၀၀ အတွက် လိုအပ်သောကျောင်းအသုံးအဆောင်များကို ထောက်ပံ့ပေးသွားမည်ဟု ကြားသိရသည်။

လက်တွေ့တွင်လည်း အရေးကြီးသောထောက်ပံ့မှုအစီအစဉ်အစိတ်အပိုင်းတစ်ခုအနေဖြင့် ဒေါ်လာသန်း ၂၀ ထောက်ပံ့ရန် ကတိကဝတ်ပြုထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များ ကောင်းမွန်စေရေးနှင့် တရားဥပဒေစိုးမိုးမှုကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။

တစ်ခေတ်တစ်ခါက အာရှတွင်အလှဆုံးဖြစ်သည့် ရန်ကုန်မြို့တော်ကြီးကို ပြန်လည်ဆန်းသစ်ခေတ်မီလှပစေရန်အတွက် မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဩစတြေးလျနိုင်ငံက ကူညီထောက်ပံ့မှုများပေးလျက်ရှိသဖြင့် များစွာဝမ်းမြောက်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ဩစတြေးလျကုန်သွယ်မှုဌာနကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်သည်။

ယင်းတို့သည် သာဓကမျှသာဖြစ်ပေလိမ့်မည်။ အခြားကိစ္စရပ်များလည်း များစွာရှိပေလိမ့်မည်။ ခက်ခဲကြမ်းတမ်းသော အချိန်အခါတွင် အားပေးကူညီခြင်းသည် မိတ်ကောင်းဆွေကောင်းသာဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများကြွယ်ဝချမ်းသာမှုအတွက် တံခါးဖွင့်၊ လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ရာ အနာဂတ်တွင် ဒေသတွင်း၌ မြန်မာနိုင်ငံနေရာမှန်၊ အဆင့်မှန်ရောက်ရှိလာမည်ဖြစ်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သက်သတ်လွတ်ဘုရားကျောင်းဖွင့်လှစ်ပေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် တာဝကွက်သစ် ဘုရားကုန်းကျေးရွာအုပ်စု စင်ကာပူလမ်းရှိ စရီမဟာကာလီယမ္မာန်မယ်တော် သက်သတ်လွတ်ဘုရားကျောင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါသက်သတ်လွတ်ဘုရားကျောင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဗိုလ်ချုပ်မြဝင်း(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘုရားကျောင်းအတွင်းရှိ မြတ်စွာဘုရားဆင်းတုတော်အား အမွှေးနံ့သာပက်ဖျန်း၍ ဆီမီးထွန်းညှိပူဇော်ပေးသည်။ ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းကလည်း သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော သံဃာတော်အပါး ၁၅၀ တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ရွှေအင်းတိန်ဘုရားများ ပြုပြင်ထိန်းသိမ်းထား

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွှေအင်းတိန်ဒေသရှိ ရှေးဟောင်းစေတီဘုရားစုသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင်သွားရောက်၍ ပြည်သူများနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းထားသော စေတီဘုရားများကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းစေတီပုထိုးများကို အလှူရှင်များက ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ အနုပညာဗိသုကာလက်ရာ တန်ဖိုးများကို သိရှိနားလည်ပြီး မူလပုံသဏ္ဌာန် မူလခေတ်လက်ရာကို မပျက်စေဘဲ ထိန်းသိမ်းရန်လိုကြောင်း၊ လာမည့်နှစ်တွင် အနည်းဆုံးစေတီ ၃၀၀ခန့်ကို ဝန်ကြီးဌာနကဖြစ်စေ၊ စေတနာရှင်အလှူရှင်များကဖြစ်စေ သဒ္ဓါကြည်ညိုစွာ ပြုပြင်လှူဒါန်းနိုင်ရန် အခွင့်အလမ်းစီမံပေးရန်လိုကြောင်း၊ ပြင်ဆင်ရန်အတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အလွယ်တကူလှူဒါန်းနိုင်ရန် စေတီတစ်ဆူချင်း၏ ဓာတ်ပုံ၊ ဆွဲပုံနှင့် ကုန်ကျမည့်ငွေစာရင်း တွက်ချက်ထားမှုကို အဆင်သင့်စီမံထားရန်လိုအပ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၇ ရက်တွင် ညောင်ရွှေဗုဒ္ဓပြတိုက် (ညောင်ရွှေမြို့)တွင် e-Library ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၀-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၇း၀၃ | တရားတော် (အပိုင်း-၈၂) | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၇း၁၆ | ဓမ္မပူဇာတေး | | -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် |
| ၄း၃၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | (အပိုင်း-၁၅) |
| ၄း၄၅ | မှတ်တမ်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | -နိုင်ငံတကာသတင်း |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | -မိုးလေဝသသတင်း |
| ၆း၀၆ | အမျိုးသားရေးတေးကဗျာ | | -ရယ်စရာပျော်စရာ |
| ၆း၂၅ | ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ | | ဟာသကမ္ဘာ |

## ပန်ကြပ်ဆီလပ်ပြိုင်ပွဲနှင့် ဆန်းစစ်စက်ဘီးပြိုင်ပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပန်ကြပ်ဆီလပ်ပြိုင်ပွဲနှင့် ဆန်းစစ်စက်ဘီးပြိုင်ပွဲများကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မြန်မာ့လက်ရွေးစင်အသင်းအတွက် အတွေ့အကြုံကောင်းများရရှိပြီး ပြိုင်ပွဲများတွင် အောင်မြင်မှုအခြေခံကောင်းများရရှိစေရန် ရည်ရွယ်ပါကြောင်း၊ ပန်ကြပ်ဆီလပ်ပြိုင်ပွဲကို မတ် ၂၂ ရက်မှ ၂၆ ရက်အထိ နေပြည်တော် (Training Center-1)၌ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ရန်လျာထားကြောင်း၊ စက်ဘီးပြိုင်ပွဲကို မတ် ၂၇ ရက်မှ ၂၈ ရက်အထိ ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင်ရှိ စက်ဘီးပြိုင်ကွင်း၌ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ရန်လျာထားကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲများကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

> **ပြင်ဆင်သိမှတ်ပေးရန်**
>
> (၁၉-၃-၂၀၁၃)ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂)တွင် ဖော်ပြပါရှိသည့် **လှိုင်သာယာ ခါးပိုက်နှိုက် ပပျောက်ရေး**သတင်း၌ စာရေးသူအမည်ကို **အိမ်မှူးခင်** အစား **အိမ်ခင်မှူး**ဟု ပြင်ဆင်သိမှတ်ပေးပါရန်။
>
> **စာတည်းအဖွဲ့**

## မိတ္ထီလာမြို့နယ်၌ ကျေးလက်လမ်းဖောက်

**မိတ္ထီလာ မတ် ၁၉**

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်း လုပ်ငန်းဖြစ်သော ဇီးချိုကုန်း-ကွက်ငယ်လမ်းအရှည် ပေ ၄၉၀၀၊ အကျယ် ၁၂ ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကုန်ကျငွေကျပ် ၃၀၈၄၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် မူလမြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရေးခက်ခဲသဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဇီးချိုကုန်းကျေးရွာ၊ ကွက်ငယ်ကျေးရွာ၊ ပန်းတင်ကျေးရွာ၊ လှည်းပွဲကျေးရွာ၊ မြောင်းပေါက်ကျေးရွာများမှ ကျေးရွာသူကျေးရွာသား ၂၁၀၉ ဦးတို့ မြို့နှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ အဆိုပါလမ်း ဆောင်ရွက်နေမှုအား မတ် ၁၁ ရက် တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ် (၁) ဦးစောဌေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ကြေးမုံ)**






နွေရာသီကျောင်းပိတ်ရက်တွင် *Grammar* အခြေခံပိုင်အောင် လေ့လာထားချင်သူ ကျောင်းသူကျောင်းသားများအတွက် *Grammar Skill, Reading Skill & Writing Skill* တို့ဖြင့် ပြည့်စုံအောင် အတန်းစဉ်အလိုက် စီစဉ်ထားသော

**Student's Guide**

*Grammar*

**Grade 2 to Grade 11**

ဉာဏ်လင်းစာပေ
အမှတ် (၃၉) ၄၄-လမ်း ဗိုလ်တထောင်မြို့နယ်။
Ph - 01-296110, 398557, 8610088, 09-73001442

ထွက်ပြီ

## မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် ဖြေလျှော့မှုများပြုလုပ်ပေးခဲ့မှုကြောင့် လျှောက်ထားရမည့်လျှောက်လွှာပုံစံများနှင့်ပတ်သက်၍ အများသိစေရန် သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက ယနေ့တွင် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ အချိန်ကုန်၊ ငွေကုန် သက်သာမှုများရရှိစေရန်နှင့် စနစ်ကျနမှုရှိစေရန်အတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်မှုတွင် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်လွှာပုံစံများနှင့်ပတ်သက်၍ ယခင်ကဖြည့်စွက်လျှောက်ထားရသည့် လျှောက်လွှာပုံစံ ၁၄ ရွက်ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယင်း ၁၄ ရွက်မှာ ကိုယ်ရေးမှတ်တမ်းထိန်းသိမ်းရန်ပုံစံ(၂-စုံ) နှစ်ရွက် (လေးမျက်နှာ)၊ ကွန်ပျူတာလျှောက်လွှာပုံစံ(၅-စုံ) ငါးရွက်၊ အလယ်လျှောက်လွှာပုံစံ(အပြာရောင်) တစ်ရွက်၊ ကိုယ်တိုင်ရေး လျှောက်လွှာပုံစံ နှစ်ရွက်၊ ပညာရေးကင်းရှင်းကြောင်း ကိုယ်တိုင်ခံဝန် နှစ်ရွက်၊ ပြစ်မှုကင်းရှင်းကြောင်း ကိုယ်တိုင်ခံဝန် နှစ်ရွက် စုစုပေါင်း ၁၄ ရွက်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် ဖြေလျှော့မှုများပြုလုပ်ပေးခဲ့မှုကြောင့် လျှောက်လွှာပုံစံတွင် ငါးရွက် ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်းဖော်ပြခဲ့သော်လည်း ထပ်မံဖြေလျှော့၍ (၃)ရွက်တည်းသာဖြည့်စွက်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသုံးရွက်မှာ ကိုယ်ရေးမှတ်တမ်းထိန်းသိမ်းရန် ပုံစံ(၂-စုံ) နှစ်ရွက် (လေးမျက်နှာ)၊ ကွန်ပျူတာလျှောက်လွှာပုံစံ (၁-စုံ) တစ်ရွက် စုစုပေါင်း သုံးရွက်ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်လွှာပုံစံ သုံးရွက်ကိုလည်း လျှောက်ထားသူများကိုယ်တိုင် ဆောင်ရွက်နိုင်ရန်အတွက် ရိုးရှင်းလွယ်ကူသော စနစ်များဖြင့် စာရွက်စာတမ်းများကြောင့် ကြန့်ကြာခြင်းမဖြစ်စေရန် စီမံထားရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အတိုက်အခံလစ်ဘရယ်ပါတီ ခေါင်းဆောင်နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၈ ရက် ညနေပိုင်းတွင် ကင်ဘာရာမြို့တော်ရှိ ပါလီမန်အဆောက်အအုံ Senate Alcove ၌ ပစိဖိတ်ကျွန်းနိုင်ငံများရေးရာဆိုင်ရာ ပါလီမန်အတွင်းဝန်နှင့် နိုင်ငံခြားရေးရာဆိုင်ရာ ပါလီမန်အတွင်းဝန် လွှတ်တော်အမတ် Honourable Richard Marles MP က တည်ခင်းဧည့်ခံသည့် နေ့လယ်ခင်း လက်ဖက်ရည်သောက်ဧည့်ခံပွဲသို့တက်ရောက်ပြီး Honourable Richard Marles MP နှင့် ဩစတြေးလျ ပညာသင်ဆုရရှိသော မြန်မာပညာသင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါလီမန်အဆောက်အအုံ အခန်း (MG63)၌ အတိုက်အခံလစ်ဘရယ်ပါတီခေါင်းဆောင် Honourable Tony Abbott MP နှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကင်ဘာရာမြို့တော်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြရာ ဩစတြေးလျ ခနသဟာယနိုင်ငံ ဆစ်ဒနီမြို့သို့ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် INTER CONTINENTAL သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် Member of Legislation and Judiciary Committee မှ လွှတ်တော်ကိုယ်စားလှယ် Mr. JEON HAE CHEOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံတွင် ပထမဆုံးလာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို မကြာသေးမီကပင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံတကာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ကျင့်သုံးသည့် UNCITRAL Rules နှင့် New York Convention သို့ ဝင်ရောက်ရန် လက်ခံထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ အကျိုးတူရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းဥပဒေသာမက နိုင်ငံတကာ ဥပဒေရေးရာများကိုပါ တာဝန်ယူဆောင်ရွက်ရပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ Mr. JEON HAE CHEOL က ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရန်ရှိပါကြောင်း၊ ဥပဒေကုမ္ပဏီများလည်း ရုံးခန်းများဖွင့်ရန် ရည်ရွယ်ပါကြောင်း ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်-**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြစ်မှုနှင့်ပြစ်ဒဏ် မျှတအောင် စီရင်ချမှတ်

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားသူကြီးချုပ် ဦးစိုးသိန်းသည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တရားရုံးနှင့် ကျောက်ဆည်ခရိုင်တရားရုံးသို့ သွားရောက်ပြီး တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး၊ ပြည်သူများယုံကြည်ကိုးစားသော တရားရုံးများဖြစ်စေရန်ရည်ရွယ်ပြီး တရားသူကြီးများက အမှုများကိုဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန်၊ နစ်နာသူပြည်သူများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းကြစေရန်နှင့် အမှုများကို ဥပဒေနှင့်အညီ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတအောင် စီရင်ချက်ချမှတ်ကြရန်နှင့် အမှုလက်ကျန်ကျဆင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဒုတိယမြောက် နိုင်ငံတကာလေဆိပ်သစ် သီရိလင်္ကာသမ္မတ ရာဂျာပတ်ဆေး ဖွင့်လှစ်

**ကိုလံဘို မတ် ၁၉**

သီရိလင်္ကာနိုင်ငံ၏ ဒုတိယမြောက် နိုင်ငံတကာလေဆိပ်သစ်ကို သမ္မတ မဟိန္ဒာရာဂျာပတ်ဆေးက မတ် ၁၈ ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါလေဆိပ်သစ်သည် မြို့တော်ကိုလံဘိုတောင်ဘက် ကီလိုမီတာ ၂၇၀(၁၆၈ မိုင်)ခန့်အကွာတွင်တည်ရှိပြီး မာတာလာရာဂျာပတ်ဆေး နိုင်ငံတကာလေဆိပ်ဟု အမည်ပေးထားသည်။

နိုင်ငံတကာလေဆိပ်ကို ဖွင့်လှစ်နိုင်ခြင်းဖြင့် စီးပွားရေးအရအချက်အချာကျသောဒေသအဖြစ် ရပ်တည်လာစေရန် အထောက်အကူပြုမည်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံ၏ အရှေ့တောင်ဘက်ဒေသသို့ အလွယ်တကူဆက်သွယ်နိုင်ရန် လမ်းပွင့်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါလေဆိပ်သစ် တည်ဆောက်ရန် တရုတ်နိုင်ငံရှိ ပို့ကုန်သွင်းကုန်ဘဏ်မှရရှိသော ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့သည်။ **ရိုက်တာ။**



**နိုင်ငံတကာလေဆိပ်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သမ္မတ ရာဂျာပတ်ဆေး လိုက်ပါလာသော အထူးလေယာဉ် ဆိုက်ရောက်လာစဉ်။**

# ကမ္ဘာ့လက်နက်တင်ပို့သော ထိပ်တန်းငါးနိုင်ငံတွင် တရုတ်ပါဝင်လာ

**ပေကျင်း မတ် ၁၉**

ကမ္ဘာ့လက်နက်တင်ပို့သော နိုင်ငံများစာရင်းတွင် တရုတ်သည် အဆင့်ငါးသို့ စာရင်းဝင်လာပြီဖြစ်သည်ဟု ဆွီဒင်အခြေစိုက် ကျွမ်းကျင်သူများအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

စစ်အေးကာလပြီးဆုံးပြီးနောက် အမြင့်ဆုံးအဆင့်ကို ရောက်ရှိခြင်းဖြစ်၍ လက်နက်အများဆုံးဝယ်ယူသောနိုင်ငံမှာ ပါကစ္စတန်ဖြစ်သည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ကြားကာလတွင် တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုပမာဏသည် ပြီးခဲ့သည့် ငါးနှစ်တာကာလနှင့်နှိုင်းယှဉ်လျှင်၁၆၂ရာခိုင်နှုန်းတိုးလာကြောင်း၊ ကမ္ဘာ့လက်နက်ရောင်းဝယ်မှု ဈေးကွက်ရှယ်ယာခွဲဝေရရှိခြင်းသည် နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းသို့ တိုးတက်လာကြောင်း ဆွီဒင်နိုင်ငံရှိ စတော့ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေးအဖွဲ့ (အက်စ်အိုင်ပီအာအိုင်)က ပြောသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြား ကမ္ဘာ့လက်နက်တင်ပို့သော ထိပ်တန်းငါးနိုင်ငံစာရင်းတွင် ဗြိတိန်နိုင်ငံ၏ နေရာသို့ တရုတ်က ဝင်ရောက်နေရာယူလာခြင်းဖြစ်သည်။ ကမ္ဘာ့လက်နက်တင်ပို့မှုကို အမေရိကန်နှင့် ရုရှားတို့က ကြီးစိုးထားပြီး ၃၀ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်းစီ အသီးသီး ခွဲဝေယူထားသည်ဟု အက်စ်အိုင်ပီအာအိုင်က ပြောသည်။

**ရိုက်တာ။**

# အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ ယီမင်၌ စတင်ကျင်းပ

**ဆာနာ(ယီမင်) မတ် ၁၉**

အခြေခံဥပဒေအသစ် ရေးဆွဲရေးနှင့် ၂၀၁၄ ခုနှစ်တွင် ဒီမိုကရေစီအပြည့်အဝရရှိသော ရွေးကောက်ပွဲပြင်ဆင်ရေးတို့ကို ရည်ရွယ်၍ ယီမင်နိုင်ငံ၌ ကုလသမဂ္ဂက ထောက်ခံအားပေးသော အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲကို စတင်ကျင်းပပြီဖြစ်ကြောင်း တနင်္လာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆာနာမြို့၌ ကျင်းပသော ယင်းဆွေးနွေးပွဲ၌ နိုင်ငံရေးအုပ်စုအသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၅၀၀ ကျော် ပါဝင်ပြောဆိုကြမည်ဖြစ်ပြီး အနည်းဆုံး ခြောက်လခန့်ကြာမည်ဟု မျှော်လင့်ရသည်။ သို့သော် နိုင်ငံတောင်ပိုင်းမှ သဘောထားတင်းမာသူ ခွဲထွက်ရေးသမားများကမူ သပိတ်မှောက်လျက်ရှိကြသည်။

နိုင်ငံအတွင်း၌ လူထုအုံကြွမှုပေါ်ပေါက်လာခဲ့၍ ၂၀၁၁ခုနှစ်တွင် သမ္မတ အလီအဗ္ဗဒူလ်ဆာလက်ချ် ရာထူးမှ နုတ်ထွက်ခဲ့ပြီး ရရှိခဲ့သော သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဤဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတဆာလက်ချ်သည် ၎င်း၏လက်ထောက် အက်ဒရာဘတ် မန်ဆာဟာဒီကို အာဏာလွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းသည် ရွေးကောက်ပွဲ၌ ကန့်ကွက်သူမရှိ အနိုင်ရရှိခဲ့သူဖြစ်သည်။ **ဘီဘီစီ။**




မြို့တော် ဆာနာ၌ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ ကျင်းပစဉ်။

# အိန္ဒိယ ရေလုပ်သားနှစ်ဦး အသတ်ခံရမှု ဖြေရှင်းချက်ရရှိရေး ကုလအကြီးအကဲတိုက်တွန်း

**ဝါရှင်တန် မတ် ၁၉**

အိန္ဒိယရေလုပ်သားနှစ်ဦးအသတ်ခံရမှုကြောင့်အိန္ဒိယနှင့် အီတလီနိုင်ငံအကြား ဖြစ်ပေါ်နေသောတင်းမာမှုပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းချက်ရရှိမည်ဟု မိမိမျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မတ် ၁၉ ရက်တွင် ပြောကြားလိုက်သည်။

အီတလီနှင့် အိန္ဒိယနိုင်ငံတို့သည် နိုင်ငံတကာဥပဒေ၏ တာဝန်ဝတ္တရားများနှင့်အညီ ဖြစ်ပေါ်နေသောပြဿနာကို အပြုသဘောဆောင်စွာ ဖြေရှင်းသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ အက်ဒွါဒိုဒယ်ဘူယေးကပြောကြားသည်။ အိန္ဒိယရေလုပ်သားနှစ်ဦးအားသတ်ဖြတ်ခဲ့မှုဖြင့် စွဲချက်တင်ခံထားရသော မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို လွှဲပြောင်းပေးအပ်ရန် ငြင်းဆန်ရခြင်းအကြောင်းနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးက မြို့တော်နယူးဒေလီရှိ တရားရုံးချုပ်၌ ရှင်းလင်းပြောဆိုရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး ဒင်နီယယ် မန်စီနီသည် ဧပြီ ၂ရက်အထိ နိုင်ငံမှ ထွက်ခွာသွားခြင်း မပြုရန် တရားရုံးချုပ်က တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ အီတလီတပ်ဖွဲ့ဝင်နှစ်ဦးကို အိန္ဒိယနိုင်ငံတွင် ထိန်းသိမ်းထားရှိခဲ့သည်။အိန္ဒိယနှင့်အီတလီနိုင်ငံတို့သည် ၎င်းတို့နှစ်ဦးအားမည်သည့်နိုင်ငံ၌တရားစီရင်သင့်သည်ဆိုသော အချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခဲ့သည်။

**ပီတီအိုင်။**



**COLUMBUS HOLIDAYS**
ပျော်ပျော်ပါးပါးသင်္ကြန်အထူးခရီးစဉ်များ
ဂမ်နမ်တို့ ရဲ့ခရီးစဉ်
ကိုရီးယား(ဆိုးလ်-ဂျေဂျူး) US$ 2000
၈ည/၉ရက် (ဧပြီ ၁၄)
ဟောင်ကောင်-မကာအို US$ 1580
ဘန်ကောက်-မလေးရှား US$ 1380
ဘန်ကောက်ပတ္တရား US$ 980
(၂) ဦးအထက်စာရင်းပေးသွင်းပါက Discount ပေးပါမည်။
Columbus TRAVELS & TOURS 229245, 378535, 0943052593
columbusholidays586@gmail.com

**အခန်းကျယ်ရောင်းမည်**
ကျော်မြောင်း၊အောင်မင်္ဂလာလမ်းမကျယ်၊ဒုတိယထပ်(17'x60')
Pressur Pump
ကျပ်သိန်း ၁(425) (ညှိနှိုင်းမရ) Ph:09-5053076

**NATURAL BREEZE** Travels & Tours
" Breeze Brings the Remembrance of Your Life......"
ကိုရီးယား April 12 ၈ည ၉ရက်
ဘန်ကောက် – မလေးရှား April 12-13
မန္တလေး–ပုဂံ April 13-14
ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ April 21
မလေးရှား–စင်ကာပူ–ဘန်ကောက် April 10
ဟောင်ကောင်–တရုတ်ပြည် April 15
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

**အောင်ထူးဆန်းဟောစာစန်းဌာန**
AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(Occult Treatment)
(To make reservation well in advance)
Good intention will bring you good luck.

The Myanmar **INDEPENDENT** News Journal
■ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းမည်။
■ နိုင်ငံ၏ နဝရတ်ကိုးပါးတွင် သတင်း(မီဒီယာ)သမားများသည် နိုင်ငံ၏ နားဖြစ်သည်။
■ သမိုင်းဟောင်းကို သင်ကြရန်နှင့် သမိုင်းအသစ်ကိုလည်း ရေးကြရန် မင်းကိုနိုင်တိုက်တွန်း။
■ အကျဉ်းထောင်ဥပဒေအား နိုင်ငံတကာစံနှုန်းမီ ပြင်ဆင်ရေးအတွက် ၈၈ မျိုးဆက် ဆွေးနွေးတိုက်တွန်း။
■ နိုင်ငံခြားသားဆရာဝန်များ၏ ကန့်သတ်လိုင်စင်မဲ့ကုသမှုများကို မြန်မာနိုင်ငံဆေးကောင်စီသို့ တိုက်ရိုက်တိုင်ကြားနိုင်။
ဒီလှုပ်ရှားမှုတစ်ခုဖြစ်လာတဲ့အခါမှာ ဘယ်သူတွေ ဒီမှာပါဝင်နေသလဲဆိုတဲ့ အခြေအနေဟာ နယ်မြေအနေအထားကို ကြည့်ရမှာဖြစ်တယ်။ မုံရွာ မြင်းခြံ မျှလေးဆိုတာ တစ်ချိန်တုန်းက "မ" သုံးလုံးနယ်မြေအဖြစ် ကွန်မြူနစ်တွေ အခြေခံခဲ့တဲ့နေရာပါ။ အဲဒီမှာ ကြွေးကြော်နေတဲ့အသံတွေဟာ လက်ဝဲအခြေခံ တွေးခေါ်ပြောဆိုမှုမှာ ပါဝင်ပတ်သက်နေတဲ့သူတွေရဲ့အသံကို တွေ့ရတယ်။
ဦးဖြိုးမင်းသိန်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ပြည်တွင်းရေးရာ

# မြန်မာ-ဂျပန် နှစ်နိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဆင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ The Ministry of Land, Infrastructure, Transport and Tourism တို့သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက နှစ်နိုင်ငံ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုနားလည်မှုစာချွန်လွှာ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းနယ်ပယ်တွင် သီလဝါဆိပ်ကမ်း အပါအဝင် ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး ဆိပ်ကမ်းလုပ်ငန်းများ၊ မိုးလေဝသဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့ပါဝင်ပြီး ဝန်ကြီးဌာနနှစ်ခုအကြား သတင်းအချက်အလက်နှင့် သဘောထားအမြင်ဖလှယ်ရေး၊ ကျွမ်းကျင်သူများ၊ သုတေသနပညာရှင်များနှင့် အတတ်ပညာရှင်များအမြင်ချင်းဖလှယ်ရေး၊ လေ့ကျင့်သင်တန်းများပေးရေးနှင့် ဆွေးနွေးပွဲများ၊ ပြပွဲများ၊ အစည်းအဝေးများ ကျင်းပရေးတို့အပြင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည် လုပ်ငန်းစီမံကိန်းများ ညှိနှိုင်းဆောင်ရွက်သွားရန်ပါရှိသည်။



ထို့ပြင် နှစ်နိုင်ငံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးအတွက် ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပပြုလုပ်သွားရန် ပါရှိရာ ပထမအကြိမ် နှစ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကို မတ် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။(ဝဲပုံ)

ညှိနှိုင်း အစည်းအဝေးသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ The Ministry of Land, Infrastructure, Transport and Tourism မှ Vice-Minister for International Affairs H.E. Mr. Hajime Ishizu နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသို့ ခေတ္တလွှဲပြောင်းပေးအပ်ထားသည့် မြန်မာနိုင်ငံသား အချုပ်သား အောင်မြတ်(ခ) ခမ်းဟုန်အား ပြန်လည်လက်ခံရရှိ

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေ အခန်း(၆)၊ ပုဒ်မ ၂၈ အရ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသို့ ခေတ္တလွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားအချုပ်သား အောင်မြတ်(ခ) ခမ်းဟုန်အား မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးခန်း၌ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Xian Yanmin ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့မှ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်း ဦးဆောင်သော အဖွဲ့ထံသို့ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအချုပ်သား အောင်မြတ်(ခ) ခမ်းဟုန်အား ၂၀၁၁ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဖြစ်ပွားခဲ့သော တရုတ်သင်္ဘောသား ၁၃ ဦး အသတ်ခံရသည့်ကိစ္စ၌ အဓိကပြစ်မှုကျူးလွန်သူတို့အား တရားစီရင်ရာတွင် အထောက်အကူဖြစ်စေနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မေ ၁၀ ရက်တွင် တရုတ်နိုင်ငံသို့ ခေတ္တလွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ယခုအခါ တရားစီရင်မှုကိစ္စရပ်များ ပြီးဆုံးခဲ့သဖြင့် ယခင်စာချုပ်ပါအတိုင်း အမှုကိစ္စအား တရားစီရင်ပြီးလျှင်ပြီးချင်း မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အချုပ်သားအောင်မြတ်(ခ)ခမ်းဟုန်အား ပြည်တွင်းဥပဒေတစ်ရပ်အရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၀-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၇း၃၀ နံနက်ခင်းသတင်း
၇း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး
ရုပ်မြင်သံကြားသင်ခန်းစာ
-ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၈း၀၀ ပြည်တွင်းသတင်း
-ပြည်သူတို့ရဲ့စကားသံများ
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
-"တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများရဲ့ ရင်တွင်းစကား"
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၃၉)
-မြန်မာ့ရုပ်ရှင် "အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ" (ကျော်ဟိန်း၊ ခင်သန်းနု) (ဒါရိုက်တာ-စိန်ဖေတင်)

# ရန်ကုန်မျက်စိဆေးရုံကြီးသို့ ခွဲစိတ်ခန်းသုံး ကိရိယာများ လှူဒါန်း

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ မျက်စိဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၉၆၇၀ တန်ဖိုးရှိ မျက်စိခွဲစိတ်ခန်းသုံး Auto Kerato Refractometer နှင့် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိSLIT LAMP MICROSCOPE လှူဒါန်းပွဲကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မျက်စိဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းက အမှာစကား




ပြောကြားပြီး အလှူရှင် ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းနေ ဦးဝင်းလွင် -ဒေါ်မြတ်မြတ်မော် မိသားစုနှင့် အားမာန်သစ် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးစိုးစိုးသန်း - ဒေါ်နွဲ့နွဲ့ မိသားစုတို့က စက်ကိရိယာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ခွဲစိတ်ခန်းသုံး ကိရိယာများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မျက်စိဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာငွေဆန်းက လက်ခံသည်။(ဝဲပုံ)

အခမ်းအနားသို့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးအေးကိုကို၊ ရန်ကုန်မျက်စိဆေးရုံကြီးမှ ပါမောက္ခပါရဂူ ဒေါက်တာဦးတင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဦးကျော်မြင့်အောင်တို့ တက်ရောက်ကြကြောင်း သိရသည်။

**(ကျော်ကျော်)**









# ကြယ်တံခွန်ဆိုသည်မှာ

**သိပ္ပံမှူးတင်**

လွန်ခဲ့သည့် နှစ်သန်းပေါင်း ၄၅၀၀ ခန့်က တိမ်တိုက်ကြီးတစ်ခု အမှုန်ဘဝမှ အစိုင်အခဲအဖြစ် ကူးပြောင်းကာ နေမိသားစုကြီးတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ နေကို ဂြိုဟ်ရှစ်လုံး၊ ဂြိုဟ်ပုံခါးပတ် နှစ်ခု၊ အလွတ်ပျံဂြိုဟ်ပုံလေး လေးငါးထောင်တို့က ရစ်ပတ်ဖွဲ့တည်နေခဲ့သည်။ တိုက်တာအိမ်ရာ ဆောက်လုပ်ပြီးပါက အုတ်ကျိုးအုတ်ပဲ့၊ သစ်တိုသစ်စများ ကျန်ရစ်သကဲ့သို့ ဂြိုဟ်ဖွဲ့စည်းခွင့်မရသော တစ်မိုင်မှ သုံးမိုင်အချင်းရှိကျောက်စိုင်၊ ကျောက်ခဲများသည် နေနှင့် မိုင်ပေါင်းသန်းပေါင်း ၁၂၀၀၀ ခန့် ဝေးရာမှ နေ၍နေမိသားစုကို ဝန်းအပ်ခြံရံ ပျံသန်းလျက်ရှိကြသည်။

ယင်းဒေသကို တိမ်တိုက်ကြီးဟု ခေါ်တွင်သည်။ မကြာသေးမီကမှ သိပ္ပံပညာရှင်တို့ သိရှိကြသည်မှာ ထိုတိမ်တိုက်တွင်းသို့ နေမိသားစုပြင်ပမှ ကျောက်ဆောင်၊ ကျောက်တုံးကြီးများလည်း ဝင်ရောက်တည်ရှိနေသည်ဟူ၍ ဖြစ်သည်။

ထိုတိမ်တိုက်ကြီးပျံဝဲလည်ပတ်နေစဉ် ပြင်ပမှ တစ်စုံတစ်ရာသော ကြယ် သို့မဟုတ် ဝတ္ထုကြီးတို့၏ တွန်းအားကြောင့် ရေခဲများဖြင့် ရစ်ပတ်ထားသော ကျောက်တုံးကြီးတစ်ခုသည် မူလဝဲပျံရစ်ပတ်ရာမှ ကျွတ်ထွက်လာကာ နေ၏ဆွဲငင်အားကြောင့် နေကြီးသို့ တူရှုပျံသန်းလာရသည်။

နေနှင့်နီးကပ်လာသည်နှင့် ကျောက်ဆောင်ပေါ်ပါ ရေခဲများ အငွေ့ပျံ၍ အမြီးတန်းကြီးဖြစ်ပေါ်လာရသည်။ ယင်းကို လူသားတို့က ကြယ်တံခွန်ဟုခေါ်ဝေါ်ကြသည်။ ထိုသို့ ပျံလာသော ကြယ်တံခွန်များမှာ သုံးမျိုး သုံးစားရှိသည်။ ပထမတစ်မျိုးမှာ နေကြီးထံတူရှုပျံသန်းလာပြီး အဆုံးတွင် နေကြီးပေါ်ကျရောက် နိဂုံးချုပ်ရသည်။

ဒုတိယတစ်မျိုးမှာ နေကြီးကို ကွေ့ပတ်ပြီး ငါးနှစ်၊ ဆယ်နှစ်၊ အနှစ် ၅၀ စသည့်ဖြင့် နေကြီးကို ပတ်နေကြသော ကြယ်တံခွန်များဖြစ်သည်။ အချို့မှာ နေကြီးကို ပတ်နေသော်လည်း အစိုင်အခဲမပျက် တည်နေတတ်သည်။ အချို့မှာ ပတ်ရင်းနှင့် အစိုင်အခဲကွဲအက်ကာ ကြယ်တံခွန်နှစ်လုံးကဲ့သို့ ဖြစ်တတ်သည်။ ထို့နောက် ထိုအစိုင်အခဲကြီးများ ကြေမွပြီး အပိုင်းအစများအဖြစ် နေကို ပတ်နေတတ်ကြသည်။

တတိယအမျိုးအစားမှာ နေကြီးကို အဝေးမှပတ်ပြီး နောက်မည်သည့်အခါမျှ ပြန်မလာတတ်သော ကြယ်တံခွန်မျိုးဖြစ်သည်။

သိပ္ပံနှင့်နည်းပညာ ထွန်းကားနေပြီးသောကာလဖြစ်၍ ကမ္ဘာ့သိပ္ပံပညာရှင်များသည် အာကာသယာဉ်များ ကြယ်တံခွန်အနီးသို့ စေလွှတ်၍ ဓာတ်ပုံရိုက်ခြင်း၊ အမြီးတန်းမှဓာတ်များကို ရယူလေ့လာခြင်းများ ပြုလုပ်နိုင်ပြီး ကြယ်တံခွန်အကြောင်းကို ရှေးရောမ၊ အီဂျစ်၊ အိန္ဒိယပြည်ရှိ နန်းတွင်းပုရောဟိတ်ပညာရှင်ကြီးများ အဆက်ဆက် အဓိပ္ပာယ်ဖွင့်ဆိုထားကြသူများထက် ပိုမိုသိရှိနေကြပြီး ဖြစ်သည်။

ရှေးသူကောင်းတို့က အမြီးတန်းနှင့် ကြယ်တံခွန်ဆိုသည်မှာ မာနတ်ကစေလွှတ်သော မကောင်းဆိုးဝါး စေတမန်ဟု ယူဆကြသည်။ ကြယ်တံခွန်မြင်ရသည့်နှစ်တွင် မင်းစိုးတို့ နတ်ရွာစံခြင်း၊ နန်းကျခြင်း၊ မင်းပြောင်း မင်းလွဲဖြစ်ခြင်း၊ နန်းတွင်းအရေးတော်ပုံများ ဖြစ်ပေါ်ခြင်း၊ မင်း သို့မဟုတ် မင်းနှင့်တူသူများ လုပ်ကြံခံရခြင်း၊ တော်ဝင်မျိုးနွယ်မှ နာရေးဖြစ်ခြင်း၊ သဘာဝဘေးရန်ပေါ်ခြင်း၊ လယ်ယာပျက်စီးခြင်း၊ စစ်မက်အားထူပြောခြင်း၊ ရောဂါကပ်ကြီး ဆိုက်ရောက်ခြင်းတို့ ဖြစ်စေသည်ဟု ဆိုကြသည်။

ကြယ်တံခွန်ကို တိုင်းပြည်အများမှ မြင်တွေ့ကြရာ မည်သည့်တိုင်းပြည်မှ ဘုရင်ကွယ်လွန်စေ၊ မည်သည့်တိုင်းပြည်မှ ဘုရင်နန်းကျစေ၊ မည်သည့်တိုင်းပြည်တွင် နန်းတွင်းအရေးပေါ်စေဟု ရွေးချယ်ဖြစ်စေနိုင်သော သတိများ မရှိကြောင်း၊ လူတို့၏ လူ့စိတ်ကို တိရစ္ဆာန်စိတ်ပြောင်း၍ တစ်ဦးတစ်ဦး သတ်ဖြတ်သော စစ်မက်ကို ဖန်တီးနိုင်ရန် မရှိကြောင်း၊ သဘာဝကြီးကို ပြောင်းလဲ၍ မိုးခေါင်ရေရှားဖြစ်စေကာ အာဟာရပြတ် ငတ်မွတ်ခေါင်းပါးသော ဘေးဆိုက်ကပ် လူအများစုသေစေနိုင်စွမ်းလည်း မရှိ။ ကပ်ရောဂါပိုးများကို လှုံ့ဆွ၍ရောဂါကပ်ဘေးကြီးဆိုက်ကာ လူပေါင်းများစွာသေစေနိုင်သော သတ္တိထူး တစ်စုံတစ်ရာမျှ မရှိကြောင်း ယနေ့သိပ္ပံပညာရှင်များက သိရှိပြီးဖြစ်သည်။

စင်စစ် ဖြစ်ရပ်မှန်မှာ ကြယ်တံခွန်ကြောင့် ဘုရင်ကြီး နတ်ရွာစံရသည်မဟုတ်။ ဘုရင်ကြီး သူ့ကုသိုလ်နှင့်သူ နတ်ရွာစံချိန်၌ ကြယ်တံခွန်က သူဟာသူရောက်လာ၍ တိုက်ဆိုင်ခြင်းသာ ဖြစ်သည်။ ထို့အတူ အခြားစစ်မက်ရေးရာ၊ ငတ်မွတ်ရေးရာ၊ ရောဂါကပ်ရေးရာတို့မှာလည်း သူ့သဘောသူဆောင်၍ဖြစ်နေချိန်နှင့် ကြုံ၍ရောက်လာသော ကြယ်တံခွန်သာဖြစ်သည်။ သိပ္ပံနှင့်နည်းပညာ မထွန်းကားသေးသည့် ထိုကာလမှ အယူမှား၊ အမှတ်မှား အထင်လွဲ အဓိပ္ပာယ်များကောက်ယူခဲ့ကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ်တွင် သိပ္ပံနှင့်နည်းပညာထွန်းကားသူတို့ အလယ်၌ အထင်မှားမှုများမရှိကြတော့ချေ။ သို့သော် ရှေးအယူအဆကို မပစ်ပယ်သေးလိုသူ အချို့ကမူ ကြယ်တံခွန်လာ၍ ဘာဖြစ်မည်၊ ညာဖြစ်မည်၊ ဘာကိုသတိထား၊ ဘာကိုပြု၊ ဘာကိုမပြုနှင့်ဟု အကြံပေးထောက်ခံသူများကား ယနေ့တိုင်ရှိပေသေး၍ ချင့်၍ ယုံကြည်ကြရန်သာဖြစ်သည်။

၁၉၆၅ ခုနှစ်ကုန်တွင် အိခေယဆေခိကြယ်တံခွန်ပေါ်ဖူးသည်။ မည်သို့သော အန္တရာယ်မျိုးမျှ မကြုံခဲ့ရချေ။ ကျွန်တော်သာ အိခေယကြယ်တံခွန် ဆောင်းပါးရေး၍ သိပ္ပံစာရေးဆရာဖြစ်ခဲ့မှုသာ ထူးခြားသည်။ ၁၉၈၆ ခုနှစ်တွင် ဟာလီကြယ်တံခွန်နှင့်အခြားကြယ်တံခွန်များ ပေါ်ခဲ့ဖူးရာ မည်သို့မျှ ထူးထူးခြားခြားဖြစ်ခဲ့မှုမျိုး မရှိခဲ့၍ နောင်မည်သို့ကြယ်တံခွန်မျိုးပေါ်စေ ထူးခြားမှုတစ်စုံတစ်ရာမရှိဘဲ သူ့သဘောသူဆောင်၍ သေသူ၊ ရှင်သူ၊ စစ်ဖြစ်မှု၊ ပြေငြိမ်းမှု စသည်တို့ ဖြစ်နေမည်သာဖြစ်သည်။

ကမ္ဘာ့သက်ရှိများ ကြယ်တံခွန်များကို ကျေးဇူးတင်လျက်ရှိသည်မှာ ယနေ့လူသူတိရစ္ဆာန်တို့ သောက်သုံးသောရေ၊ စိုက်ပျိုးမွေးမြူရာတွင်သုံးသောရေ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင်သုံးသောရေများမှာ ကမ္ဘာဦးကာလတစ်ချိန်၌ ကမ္ဘာပေါ်သို့ ကြယ်တံခွန်မုန်တိုင်းကြီးကျရောက်ခဲ့စဉ်က သိန်းသန်းကုဋေမကသော ကြယ်တံခွန်များပေါ်တွင် ပါရှိသော ရေခဲများအရည်ပျော်၍ ကမ္ဘာ့ပင်လယ်၊ သမုဒ္ဒရာကြီးများ ဖြစ်ထွန်းခဲ့သည်။ ထိုပင်လယ်၊ သမုဒ္ဒရာရေများ နေပူရှိန်ကြောင့် ရေငွေ့ပျံတတ်ခြင်း၊ ကောင်းကင်ယံတွင် အေးနေသဖြင့် ရေငွေ့များမိုးရေအဖြစ် ရွာချခဲ့၍ လူသူတိရစ္ဆာန်များ အသုံးပြု ရှင်သန်နေနိုင်ရခြင်းဖြစ်ပေသည်။

ပင်လယ်ပြင်တွင် ရေများဖြင့်ပြည့်နေစဉ် ကြယ်တံခွန်အချို့သည် သက်ရှိဇီဇများ သယ်ဆောင်လာကာ ထိုရေပင်လယ်များအတွင်းကျပြီး ကလပ်စည်းတစ်စုတည်းပါသက်ရှိဖြစ်လာပြီးနောက် ဆင့်ကဲဖြစ်စဉ်အရ ယနေ့လူသားများ ဖြစ်လာရသည်ဟုလည်း သိပ္ပံပညာရှင်များက ယူဆကြသည်။

တစ်ဖန် ကြယ်တံခွန်တို့သည်ပင်လျှင် မိမိတို့ပျိုးချ ရှင်သန်စေခဲ့သော သက်ရှိသတ္တဝါများကို အကြိမ်ကြိမ် သေကျေပျက်စီးစေခဲ့ဖူးသည်ဟုလည်း သိပ္ပံပညာရှင်များက ယူဆကြသည်။ ပင်လယ်ကြမ်းပြင်အောက် မြေလွှာများကို တူးယူ လေ့လာကြည့်ကြသောအခါ အနှစ်သန်း ၂၀ မှ ၃၀ ခန့်လျှင် တစ်ကြိမ်၊ ကမ္ဘာ့သတ္တဝါများ မျိုးပြုတ်လုနီးသေဆုံးခဲ့ကြရသည်ကို တွေ့ကြရသည်။

မီးလ်ကီးဝေးကြယ်စုကြီးအတွင်း၌ နေပေါင်းများစွာရှိရာ အချို့မှာ “ဘိုင်နာရီ”ခေါ် ကြယ်ညီနောင်များဖြစ်ကြသည်။ ကြယ်နှစ်လုံးတို့ တစ်လုံးကိုတစ်လုံးက ရစ်ပတ်လှည့်လည်နေသော ကြယ်များဖြစ်သည်။ ယခု လူတို့၏နေသည် ယင်းဘိုင်နာရီကြယ်ညီနောင်တွင်းမှ ကြယ်တစ်လုံးဖြစ်၍ ကြယ်တစ်လုံးသည် ဝေးရာမှ လူတို့ ကြယ်ကိုပတ်နေသည်။

နှစ်သန်း ၂၀၊ ၃၀ တစ်ကြိမ်မျှ ထိုညီနောင်ကြယ်သည် လူတို့၏နေနှင့် နီးရာသို့ ရောက်ရှိလာသည်။ ထိုအခါ ထိုကြယ်၏ တွန်းအားကြောင့် နေမိသားစုကို အုပ်မိုးထားသော အောက်တိမ်တိုက်တွင်းရှိ ကျောက်ဆောင် ကျောက်ခဲများ ကျွတ်ထွက်လာကာ အရည်အတွက် ကုဋေကုဋာမျှ ကမ္ဘာပေါ်သို့ကျရောက် အန္တရာယ်ပြုသဖြင့် ကမ္ဘာပေါ်မှ သက်ရှိများ မျိုးတုံးလုနီးပျောက်ကွယ်ခဲ့ကြရခြင်းဖြစ်မည်ဟုဆိုကြသည်။

၂၀၁၁ ခုနှစ် ဇွန် ၆ ရက်တွင် စတင်တွေ့ရှိခဲ့သော PAN STARRS အမည်ရှိ ကြယ်တံခွန်တစ်ခုသည် မတ်လ ၅ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့အတွင်း ကမ္ဘာနှင့်အနီးဆုံးနေရာမှ ဖြတ်ပျံသန်းမည်ဖြစ်သည်။ ယခု စာရေးနေချိန် ၂၀၁၃ ခု မတ် ၁၀ ရက်နေ့ဖြစ်၍ နေနှင့် ဗုဒ္ဓဟူးဂြိုဟ်တို့နှင့် မိုင်ပေါင်း ၂၈ သန်းအကွာမှ ပျံသန်း နေချိန်ဖြစ်သည်။ နေဝင်ပြီးချိန် ၁ နာရီမှ ၂ နာရီ အတွင်းကြည့်လျှင် လိမ္မော်ရောင်နှုကြယ်တံခွန် အမြီးတန်းကိုသာမန်မျက်စိနှင့်ပင် မြင်နိုင်သည်ဆိုသည်။ ထို့ကြောင့် ၁၀ ရက်နေ့ညနေတွင် ထွက်ကြည့်ရာ ရာသီအုံ့မှိုင်းနေ၍ လုံးဝမမြင်ရပါ။

ဤကြယ်တံခွန်မှာ အိခေယဆေခိတို့၊ ဟာလီကြယ်တံခွန်တို့ကဲ့သို့ ထင်ထင်ရှားရှားမြင်နိုင်ဖွယ်မရှိ၍ ကမ္ဘာပေါ်တွင် များစွာ လှုပ်လှုပ်ရှားရှားစိတ်ဝင်တစား ကြည့်သူနည်းပါးလှပေသည်။

ဗင်နီဇွဲလားသမ္မတ ကွယ်လွန်ရသည်မှာ လွန်ခဲ့သောနှစ်နှစ်ခန့်မှစ၍ စွဲကပ်ခဲ့သော ကင်ဆာဝေဒနာကြောင့် ဖြစ်သည်။ ဗြိတိန်ဘုရင်မကြီး ဆေးရုံတက်ရသည်မှာ သူ့ရောဂါကြောင့် သူဖြစ်သည်။ အီတလီသမ္မတဟောင်း ထောင်တစ်နှစ်ကျခံရသည်မှာ သူ့အမှုနှင့်သူဖြစ်သည်။ ပါကစ္စတန်၊ အီရတ်၊ အာဖဂန်နစ္စတန်ပြည်တို့တွင် တဂျိမ်းဂျိမ်း ကားဗုံးခွဲသတ်ဖြတ်နေကြသည်မှာ ဘာသာရေး၊ နိုင်ငံရေးကိစ္စများဖြစ်၍ ကြာမြင့်လှပြီဖြစ်သည်။ မြန်မာသဘော်သားများပါသော သဘော်နစ်မြုပ်သေဆုံးမှုမှာ သူ့ကံနှင့်သူကြမ္မာပင်ဖြစ်သည်။ တရုတ်ပြည်ကြီးတွင် သမ္မတသစ်နှင့် အောင်မြင်အေးဆေးစွာ တိုးတက်နေသည်။ သတ်ဖြတ်၊ ငတ်ပြတ်၊ ရောဂါထူပြောမှုမရှိ။ မြန်မာပြည်တွင် သမ္မတကြီး ဦးသိန်းစိန် ဥရောပတိုင်းပြည်များသို့ ခရီးထွက်ရာမှပြန်လာပြီး ပြည်သူအများက ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။ နိုင်ငံရေးအလားအလာများ ကောင်းမွန်၍ ဒီမိုကရေစီတိုင်းပြည်သစ်သို့ ဦးတည်နေသည်။ ငတ်၊ သတ်၊ သေဆုံးဒုက္ခများမရှိ။ သံမဏိစက်ရုံမှ ကားဟောင်းများ အပူလွန်၍ မီးလောင်ခြင်းဖြစ်၍ ကြယ်တံခွန်နှင့် မည်သို့မျှမဆိုင်။

ကြယ်တံခွန်အမြီးတန်းမှ ရေခဲမှုန်၊ ကျောက်မှုန်တို့ကြောင့် နာဆာမှလွှတ်တင်ထားသော အင်္ဂါဂြိုဟ်ပေါ်ရှိ အာကာသယာဉ်များ အပြည်ပြည်ဆိုင်ရာ အာကာသဘူတာသို့ ရေဒီယိုဆက်သွယ်မှုများ ခေတ္တပြတ်တောက်၍ ချွတ်ယွင်းချက်များ အနည်းငယ်ပေါ်နိုင်သော်လည်း ယာဉ်များပျက်စီးမှု၊ ဂြိုဟ်တုများ ပြုတ်ကျမှု၊ ချွတ်ယွင်းမှုများ ကြီးကြီးကျယ်ကျယ် ဖြစ်ဖွယ်ကားမရှိချေ။

ဤကြယ်တံခွန်မှာ တတိယအမျိုးအစားဖြစ်၍ နေကြီးကို ကွေ့ပတ်ပြီးနောက် မည်သည့်အခါမျှ ပြန်လည်တွေ့ကြရတော့မည့် ကြယ်တံခွန်မဟုတ်ချေ။ ဤကြယ်တံခွန်သည်ကမ္ဘာသူကမ္ဘာသားတို့အပေါ် ဆိုးကျိုးများသက်ရောက်စေလိမ့်မည်ဟု အချို့အယူသည်းသူများက အပြစ်တင်ကြမည်။ သိပ္ပံနှင့်နည်းပညာ အသိအခံရှိသူ မြန်မာပြည်သူအများကမူ ထိုသို့ပြစ်တင်မှုမရှိ။ ကမ္ဘာ့သဘာဝနိယာမတစ်ရပ်အဖြစ် ခံယူလျက်ရှိကြပေသည်။ ။

## ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုမှ သင်တန်းဆရာများအတွက် လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)နှင့်အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (International Management Group - IMG) တို့၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ဗဟိုဝန်ထမ်း တက္ကသိုလ်နှစ်ခုမှ သင်တန်းဆရာများအတွက် လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်ဦးခင်မောင်အေးက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဗဟိုဝန်ထမ်း တက္ကသိုလ်နှစ်ခုမှ သင်တန်းနည်းပြ အရာရှိ ၅၀ တက်ရောက်ပြီး ၂၀၁၃ ခုနှစ် မေလအတွင်း ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်မည့် အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အင်္ဂလန်၊ အိုင်ယာလန်၊ လစ်သူယေးနီးယား၊ ပြင်သစ်၊ ဆွီဒင်နှင့် အစ္စရေးနိုင်ငံတို့မှသက်ဆိုင်သည့်ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ဧပြီ ၅ ရက်အထိ ရက်သတ္တသုံးပတ်ကြာ သင်ကြားဆွေးနွေး ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမီး၏**

## ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင် ဒုတိယဝန်ကြီး ဦးခင်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ဖြူးမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ တာဝန်ယူ၍ တည်ဆောက်လျက်ရှိသော ဖြူးချောင်းရေလှောင်တမံစီမံကိန်း၏ ရေလွှဲဥမင်အပြီးပိတ်ရေသိုလှောင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက်ရေလွှဲဆည်လုပ်ငန်းခွင်သို့ ရောက်ရှိကာ အုတ်မြစ်မြေကြီးတူးခြင်းနှင့် ကွန်ကရစ်လောင်းခြင်းအခြေအနေများ လက်ယာတူးမြောင်းမကြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကွန်းချောင်းရေလွှဲဆည်စီမံကိန်း၏ ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကာ ရေလွှဲဆည်၏ လက်ယာဘက်ရေထုတ်တံခါးတည်ဆောက်နေသည့်အခြေအနေများ၊ ချောင်းပိုင်းအတွင်း ကွန်ကရစ်လောင်းခြင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြူးချောင်းရေလှောင်တမံစီမံကိန်းမှာ ယခုအချိန်မှ စတင်၍ ရေသိုလှောင်နိုင်မည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၆၃၂၅၃၀ဧကပေ သိုလှောင်နိုင်မည်ဖြစ်ကာ ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ မိုးမတိုင်မီ ပြီးစီးရန် တည်ဆောက်လျက်ရှိသော ရေလွှဲဆည်နှင့် လက်ယာမြောင်း၏ အစိတ်အပိုင်းပြီးစီးပါက လာမည့်နွေစပါးရာသီတွင် ဧက ၃၀၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေသောက်စနစ်အားလုံးပြီးစီးပါက လယ်ယာမြေဧက ၁၀၀၀၀၀ကို ရေပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

The Standard Time WEEKLY
စံတော်ချိန်
sdtimeweekly@gmail.com
အတွဲ(၁) အမှတ်(၁၂) ထွက်ပါပြီ။
* ပြည်သူ့အကျိုးစီးပွား မကာကွယ်သည့် ဥပဒေများဖျက်သိမ်းသင့်
* ပုံနှိပ်နှင့် ထုတ်ဝေရေးဥပဒေကြမ်း လွှတ်တော်၌ ဆွေးနွေးရေး ရက်ရွှေ့
* ဝန်ထမ်းလစာတိုးရေးနဲ့ ကုန်ဈေးနှုန်း
* ပုဂ္ဂလိကထုတ်သတင်းစာဖြန့်ချိရေးနှင့် ကိုယ်စားလှယ်အချို့အမြင်
* လူထုဘက်မှာ ဘယ်သူရှိသေးသလဲ စတဲ့.....စတဲ့ သတင်းဆောင်းပါးတွေနဲ့

## လွှတ်တော်ရေးရာကဏ္ဍ

### ❋ ပြည်သူ့လွှတ်တော်မှ

ထို့ပြင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိသည့်ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များမရှိသေးပါက လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာထုတ်ပြန်ပေးရေးအတွက် တိုက်တွန်းကြောင်း**ဖြင့် အရေးကြီးအဆိုတစ်ရပ်အဖြစ်တင်သွင်းရာတွင် မိမိယခုတင်ပြမည့်အဆိုနှင့်အလားတူသော ယာဉ်မတော်တဆမှု မေးခွန်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့တွင် နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွတ်ဦးကလည်း မေးမြန်းခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချမှတ်ထားသောဈေးကွက်စီးပွားရေးစနစ်အရ မော်တော်ယာဉ်မျိုးစုံကို လွတ်လပ်စွာဝယ်ယူတင်သွင်းခွင့်ပြုထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မော်တော်ယာဉ်အစီးရေသည် သုံးသန်းနှစ်သိန်းကျော်ဖြစ်ပြီး မော်တော်ယာဉ်သွားလာမှု များပြားလာနေကြောင်း တွေ့ရှိရပါကြောင်း၊ မော်တော်ယာဉ်အရေအတွက် တိုးပွားလာခြင်းနှင့်အတူ ယာဉ်မတော်တဆဖြစ်ပွားမှုများလည်း တိုးပွားလာနေပါကြောင်း၊ အထူးသဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်မတော်တဆမှုခင်းဖြစ်စဉ်များ လွန်စွာများပြားလာနေကြောင်း တွေ့ရှိရပါကြောင်း။

ရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် နိုင်ငံခြားကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်ကူညီပေးပြီး ဆက်သွယ်ရမည့်ဖုန်းအမှတ်ဖြင့် ဆက်သွယ်က မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ဒဏ်ရာရသည့်လူနာအား သွားရောက်ခေါ်ဆောင်၍ သက်ဆိုင်ရာ ရဲစခန်း၊ ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်လျက်ရှိကြောင်း သိရှိရပါကြောင်း၊ သို့သော် ယင်းသို့ ဆက်သွယ်ရမည့်လမ်းကြောင်းနှင့် ဖုန်းအမှတ်ကို အများပြည်သူကျယ်ပြန့်စွာ မသိရှိနိုင်သေးသဖြင့် ကူညီဆောင်ရွက်နိုင်မှု အားနည်းနေကြောင်းလည်း သိရှိရပါကြောင်း။

မော်တော်ယာဉ် မတော်တဆဖြစ်စဉ်များတွင် ထိခိုက်ဒဏ်ရာရရှိသည့်လူနာအများအပြားရှိနေရာ အချို့လူနာများသည် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင် ဆေးဝါးကုသမှုမပြုနိုင်သောကြောင့် မသေဆုံးသင့်ဘဲ သေဆုံးနေရကြောင်း ဝမ်းနည်းဖွယ်ရာတွေ့ကြုံနေရပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းနည်းစနစ်(၅)မျိုးအနက်မှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းမှာ အလွန်အရေးကြီးပါကြောင်း၊ ယာဉ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများကို အရေးပေါ်ကုသခြင်းနှင့် အချိန်မီ ဆေးရုံကိုပို့ဆောင်ရန်အတွက်လည်း လွန်စွာအရေးကြီးပါကြောင်း၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၁၅၀၀ ခန့်ရှိပြီး ယာဉ်အစီးရေစုစုပေါင်းမှာ သုံးသန်းနှစ်သိန်းကျော်၊ မြန်မာနိုင်ငံ၏လူဦးရေက သန်း ၆၀ ခန့် ဖြစ်၍ အချိုးကျမှုက ယာဉ်ထိန်း (၁)ဦး၊ ယာဉ်အစီး (၂၅၀၀)ခန့်နှင့် လူဦးရေ (၄၅၀၀၀) ခန့် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်ကို သိရှိရပါကြောင်း။

မသေဆုံးသင့်ဘဲ သေဆုံးနေရကြောင်း လေ့လာဆန်းစစ်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားနည်းပါးခြင်းနှင့် အခင်းဖြစ်နေရာသို့ အချိန်မီမရောက်ရှိနိုင်ခြင်း၊ ရဲမှုခင်းဖြစ်သည့်အတွက် တာဝန်ရှိရဲတပ်ဖွဲ့အား အကြောင်းကြားပြီး ရဲတပ်ဖွဲ့ရောက်ရှိချိန်မှ အခင်းဖြစ်ပွားရာအနေအထား မှတ်တမ်းတင်လုပ်ဆောင်ရခြင်း၊ လူနာ၏ အခင်းဖြစ်အနေအထားမပျက်ယွင်းစေရန် စောင့်ဆိုင်းရခြင်း၊ ထိုသို့မစောင့်ဆိုင်းဘဲ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်သော်လည်း ဆေးရုံ၊ ဆေးခန်းများမှ ပြည်သူ့ရဲတပ်ဖွဲ့၏ မှုခင်းဆေးစာမပါရှိသဖြင့် လုပ်ထုံး၊ လုပ်နည်းများအရ ချက်ချင်းဆေးကုသမှု မပြုလုပ်နိုင်ခြင်းစသည့် အကြောင်းအချက်များအရ ဒဏ်ရာရရှိသည့် လူနာများမှာ ဆေးကုသမှု နောက်ကျရသည့်အတွက် သေဆုံးကြရသည်ကို တွေ့ရှိရပါကြောင်း။

ဖော်ပြပါ ယာဉ်တိုက်မှုအပြင် ဒုတိယအများဆုံး မတော်တဆမှုမှာ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများဖြစ်ပါကြောင်း၊ ၎င်းပြင် အရက်သောက်စားမှု လွန်ကဲခြင်းကြောင့်ဖြစ်ပွားသော နောက်ဆက်တွဲမတော်တဆမှုများလည်း ဖြစ်ပွားလျက်ရှိပါကြောင်း။

မည်သို့သော မတော်တဆမှုများကြောင့် ဖြစ်စေကာမူ ထိခိုက်ဒဏ်ရာရသေဆုံးသူများသည် မြန်မာနိုင်ငံသားများသာဖြစ်သောကြောင့် အချိန်မီဆေးရုံ၊ ဆေးခန်းများသို့ ရောက်ရှိကုသမှုခံယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန်သည် နိုင်ငံသားများ၏ တာဝန်သာဖြစ်ပါကြောင်း။

ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ် ဦးရဲထွတ်ဦး၏မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ရှင်းလင်းခဲ့ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် စုံထောက်စစ်ဆေးမည့် မှုခင်းဖြစ်ရပ်က အရေးကြီးသည့်အတွက် မှုခင်းဖြစ်ရပ်မပျက်စီးစေရေးအမှတ်အသားများ မှတ်သားထားရှိပြီး လူနာကို အချိန်မီ နီးစပ်ရာဆေးရုံသို့ ပို့ပေးပါက ဥပဒေနှင့်ငြိစွန်းမှုရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့ပါကြောင်း၊ ပြည်သူများမှာ ၎င်းဖြစ်ရပ်များနှင့်ပတ်သက်၍ အတွေ့


သံတွဲ မဲဆန္ဒနယ်မှ ဦးရဲထွန်း။ (သတင်းစဉ်)


ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို။ (သတင်းစဉ်)

အကြုံ၊ ဗဟုသုတ နည်းပါးခြင်း၊ လုပ်မှားကိုင်မှားဖြစ်၍ ပြန်လည်အရေးယူခံရနိုင်ဖွယ်ရှိခြင်း စသည့်စိုးရိမ်စိတ်များကြောင့် ၎င်းကာလနောက်ပိုင်း မော်တော်ယာဉ်မတော်တဆမှုနှင့် အခြားသောမတော်တဆမှုဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်ခြင်း မပြုသောကြောင့် မလိုလားအပ်သောသေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေပါကြောင်း။

ဆေးရုံ၊ ဆေးခန်းများကလည်း ရဲတပ်ဖွဲ့စစ်ဆေးချက်မပါရှိက ထိခိုက်ဒဏ်ရာရလူနာကို လုံးဝလက်မခံကြပါကြောင်း၊ ဤနေရာတွင် မှုခင်းဖြစ်ရပ်အမှတ်အသားများ မပျက်စီးစေရန်သည် ရဲတပ်ဖွဲ့၊ လုပ်ထုံး၊ လုပ်နည်းအရ အရေးကြီးသည်မှန်သော်လည်း နိုင်ငံသားတစ်ဦး၏ အသက်ရှင်သန်မှုသည် ၎င်းထက် ပိုအရေးကြီးပါကြောင်း၊ တန်ဖိုးကြီးပါကြောင်း တင်ပြလိုပါကြောင်း၊ ဒဏ်ရာရလူနာတစ်ဦး သို့မဟုတ် အများကို အချိန်မီဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်နိုင်သဖြင့် ဆက်လက်အသက်ရှင်ပါက မှုခင်းဖြစ်စဉ်အကြောင်းအရာများကို စစ်ဆေးသိရှိခွင့်ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်းဖြင့် အဆိုတင်သွင်းသည်။

အဆိုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတစ်ဝန်းဖြစ်ပွားနေသည့် ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်ရရှိသည့် ထိခိုက်ဒဏ်ရာရရှိလူနာများအတွက် မိမိတို့ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်သူ့ဆေးရုံ၊ ဆေးခန်းများသို့လူနာရောက်ရှိလာပြီးသည့်အချိန်မှစ၍လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ ရောက်ရှိလာပြီးသည့်အချိန်မှစ၍လည်းကောင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အခြေခံ၍ ယခင်အလားတူမေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်အပေါ်တွင် ဖြေကြားအချက်အလက်များ တရားဝင်ပြန်ကြားမှုအများအပေါ်မှာ အခြေခံပြီး ဖြေကြားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ဆေးရုံများမှ ပြင်ပလူနာဌာန သို့မဟုတ် အရေးပေါ်ဌာနသို့ ဒဏ်ရာအနာတရရရှိသူရောက်ရှိလာသည့်အချိန်တွင် တာဝန်ကျဆရာဝန်က ရဲအရေးပိုင်သည့် အမှုနှင့်ပတ်သက်ကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆေးစာရယူရန် ဆေးရုံတွင်တာဝန်ကျသော မှုခင်းရဲတပ်ဖွဲ့ဝင်ထံ ဒဏ်ရာရသူ သို့မဟုတ် ၎င်းနှင့်ပတ်သက်သူတစ်ဦးဦးအားစေလွှတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ အကြောင်းကြားစေခြင်းပြုလုပ်ပါကြောင်း၊ ဆေးအစီရင်ခံစာပုံစံမရရှိသေး၍ လူနာအား စမ်းသပ်စစ်ဆေးမှုမပြုလုပ်ဘဲ စောင့်ဆိုင်းထားခြင်းပြုလုပ်၍မရပါကြောင်းနှင့် ထိုသို့ပြုလုပ်ရန်ခွင့်ပြုမထားပါကြောင်း၊ စမ်းသပ်စစ်ဆေးချက်အရ အတွင်းလူနာအဖြစ်အရေးပေါ်ဆေးရုံတင်ကုသပေးရန်လိုအပ်လျှင်လည်း ဒဏ်ရာအခြေအနေအမျိုးအစားနှင့် လူနာအခြေအနေတို့ကို တိကျစွာမှတ်သားရယူကာ အမြန်ဆုံးဆေးရုံတင်ကုသပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ဆေးအစီရင်ခံစာပုံစံ အမြန်ဆုံးပေးပို့ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးရပါကြောင်း၊ အထူးသဖြင့် လူနာအတွက်စိုးရိမ်စိတ်ဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စခန်းသို့မဝင်တော့ဘဲ ဆေးရုံသို့ တိုက်ရိုက်ခေါ်ယူလာလေ့ရှိသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ရဲအရေးပိုင်သည့်အမှုများဖြင့် ဒဏ်ရာရ သို့မဟုတ် သေဆုံးရောက်ရှိလာသူများအား ရဲဆေးစာရေးပေးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တာဝန်ချထားပေးသဖြင့် အခက်အခဲမရှိသော်လည်း တခြားဆေးရုံများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးတာဝန်ချထားပေးနိုင်ခြင်းမရှိသည့်အခါ ဆေးရုံမှတာဝန်ကျ ဆရာဝန်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့အကြောင်းကြား၍ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆေးအစီရင်ခံစာပုံစံမရရှိသေးသော်လည်း လူနာအားစမ်းသပ်စစ်ဆေးခြင်း၊ အရေးပေါ်ဆေးဝါးကုသမှုပေးခြင်း၊ ဆေးရုံတင်ရန်လိုအပ်ပါက ဆေးရုံတင်၍ လိုအပ်သောဆေးဝါးကုသမှုပေးခြင်းစသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ လူနာအားတာဝန်ယူမည့်လူမပါရှိလာပါကလည်း အရေးပေါ်လူနာဖြစ်စေ၊ သာမန်လူနာဖြစ်စေ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့်စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ ရာဇဝတ်မှုခင်းဆိုင်ရာလူနာများ ရရှိသောဒဏ်ရာပုံစံအမျိုးမျိုးဖြင့် ရောက်ရှိလာသည့်အခါ တာဝန်ကျဆရာဝန် သို့မဟုတ် ပုဂ္ဂလိကဆေးခန်းဖွင့်လှစ်ထားသည့်ဆရာဝန်အနေဖြင့် အရေးပေါ် လူနာဖြစ်ပါက လိုအပ်သည့်အရေးပေါ်အသက်ကယ်ကုသစောင့်ရှောက်မှုများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့◆**

### ❖ အမျိုးသားလွှတ်တော်မှ

အတည်ပြုပြီးပေးပို့ထားသော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့က ကော်မတီ၏ အကြံပြုချက် အစီရင်ခံစာများကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းကြပြီး ယင်းအစီရင်ခံစာများကို လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က ကော်မရှင်၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတင်ပြလာသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးစာရင်းများ (ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးစာရင်း) စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာတင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၏ (၁/၂၀၁၃) အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက နိုင်ငံတော်သည် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိရာတွင် လွှတ်တော်မှ ဥပဒေပြုရေး၊ ပြည်ထောင်စုအစိုးရမှ အုပ်ချုပ်ရေးတို့ကို အလေးအနက်ထား လုပ်ဆောင် အကောင်အထည်ဖော်လျက်ရှိနေသည်မှာ ထင်သာမြင်သာမြင်တွေ့နိုင်ပါကြောင်း၊ တရားစီရင်မှုကိစ္စနှင့်စပ်လျဉ်း၍ ကော်မတီ၏ သုံးသပ်အကြံပြုချက်ပါအတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြစ်ရပ်မှန်ဖော်ထုတ် သုံးသပ်အဆုံးအဖြတ်ပြုနိုင်ရေးအတွက် ပြန်လည်စစ်ဆေးပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပကတိဖြစ်ရပ်မှန်များကို တိတိကျကျသိရှိနိုင်ပါရန်၊ အမျိုးသားလွှတ်တော်မှလည်း "စုံစမ်းရေးကော်မရှင်"တစ်ရပ်ဖွဲ့စည်းတာဝန်ပေးအပ်၍ အောက်ခြေ


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု။
ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

ဖြစ်ရပ်မှန်များ ဖော်ထုတ်ပေးနိုင်ရန် အကြံပြုတင်ပြပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ဆွေးနွေးချက်ကို ပြန်လည်ကြားနာရန်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ဆွေးနွေးချက်ကို ဖြစ်ရပ်မှန်ဖော်ထုတ်ရေးအတွက် ကော်မတီက ကွင်းဆင်းစစ်ဆေးရန်ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီက ကော်မတီ၏အစီရင်ခံစာကိုလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကော်မတီ၏ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်။
ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

မပြမေးခွန်းများနှင့် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက္ခရောက်ကြရသည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီက မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ၂၄-၉-၂၀၁၂မှ ၄-၁၀-၂၀၁၂ အထိ သွားရောက်ခဲ့သည့် ခရီးစဉ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး(၃၀)ရက်မြောက်နေ့ကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

**စည်ကားသိုက်မြိုက်စွာမှ**

၁၅ ရက်မှစတင်ကာ ကျင်းပလျက်ရှိပြီး ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) အထိ နေ့စဉ်ရက်ဆက် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး သမိုင်းအစဉ်အလာကြီးမားသည့် မန်းစက်တော်ရာဘုရားသမိုင်းမှာ ဤသို့ဖြစ်သည်-ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ်သို့ ပွင့်တော်မူခဲ့ပြီး ဝါတော်(၂၀) သက်တော်(၅၆)နှစ် (မဟာသက္ကရာဇ် ၁၂၃၊ ဘီစီ ၆၁၀) တွင် မဟာပုဏ္ဏရဟန္တာမထေရ်သူမြတ် ပင့်လျှောက်တော်မူသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ သုနာပရန္တတိုင်း (မင်းဘူးခရိုင်) ဝါဏိဇ္ဇဂါမ(ပွင့်ဖြူမြို့နယ်) ကျောင်းတော်ရာ (လယ်ကိုင်း၊ သစ်တော်အရပ်) သို့ ကြွရောက်တော်မူခဲ့ပါသည်။

လမ်းခရီးတွင် သစ္စဗန္ဓတောင်အရောက်တွင် ဆင်းသက်တော်မူ၍ သတ္တဝါတို့အား အပါယ်သို့ကျရောက်စေတတ်သော တရားတို့ကို ညွှန်ပြလျက်ရှိသည့် သစ္စဗန္ဓရသေ့အား တရားဟောတော်မူ၍ ရဟန္တာအဖြစ်သို့ ရောက်စေခဲ့ပါသည်။ ဆက်လက်၍ ရဟန္တာငါးရာနှင့်အတူ ဝါဏိဇ္ဇဂါမသို့ ကြွရောက်တော်မူ၍ စန္ဒကူးနံ့သာကျောင်းတော်ကို ရေစက်ချအလှူခံတော်မူခဲ့ပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူခဲ့သည်။

ကျောင်းတော်ရာမှ သာဝတ္ထိသို့အပြန်ခရီး မန်းချောင်း(နမ္မဒါမြစ်)အနီး ကမ်းပါးတွင် နမ္မဒါနဂါးမင်းသည် မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့ပြီး တောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားက ခြေတော်ရာတစ်ဆူကို မန်းချောင်းကျောက်ဖျာပေါ်တွင် ခပ်နှိပ်ချထားတော်မူခဲ့ရာ ယင်းကို အောက်စက်တော်ရာဟု ယခုတိုင် ထင်ရှားစွာ တည်ရှိနေပါသည်။ မြတ်စွာဘုရားသည် သစ္စဗန္ဓရဟန္တာ၏ တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူကို သစ္စဗန္ဓတောင်ထိပ်၌ ချထားတော်မူခဲ့ရာ ၎င်းကို အထက်စက်တော်ရာဟု သမိုင်းမှတ်တမ်းတွင် ရေးထိုးထားပါသည်။

မန်းရွှေစက်တော်ဘုရားပွဲဈေးတန်းတွင် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ စားသောက်ဆိုင်တန်းများနှင့် ပျို့မေတို့အကြိုက် ပခုက္ကူဒေသထွက် ရှင်မတောင်သနပ်ခါးများကိုလည်း ဝယ်ယူသုံးစွဲနိုင်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူထုပညာပေးပြခန်းကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

ထို့ပြင် ကြည်လင်အေးမြသည့် မန်းချောင်းရေကို ချိုးကာ ဘုရားဖူးရသည်မှာလည်း စိတ်ကြည်နူးဖွယ်ကောင်းလှသည်။ ဒေသခံနှင့် ဘုရားဖူးပြည်သူတို့က မန်းချောင်းရေကို ချိုးခြင်းဖြင့် အအေးမိခြင်း၊ အပူရှပ်ခြင်း၊ ဖျားနာခြင်းမရှိဘဲ အနာရောဂါကင်းရှင်းစေသည်ဟု ယုံကြည်ကြသည်။ မန်းစက်တော်ရာသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းတည်ရှိပြီး ဘုရားဖူးပြည်သူများအနေဖြင့် မန်းစက်တော်ခြေတော်ရာ နှစ်ဆူနှင့်အတူ ကျောင်းတော်ရာ၊ မင်းဘူးမြို့ စက္ကိန်းတဲစေတီနှင့် မကွေးမြို့အစွန်က မြသလွန်စေတီတော်တို့ကိုလည်း သွားရောက်ကာ ဖူးမြော်နိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမျိုးသားစာကြည့်တိုက်(နေပြည်တော်) စာကြည့်တိုက်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်း၌ ဆောက်လုပ်လျက်ရှိသော အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ ပထမအဆောင်သည် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ ပထမအဆောင်တွင် စာအုပ်ပေါင်း နှစ်သိန်းငါးသောင်းကျော်ကို ပြောင်းရွှေ့ခင်းကျင်းလျက်ရှိပြီး e.Library ကို စာအုပ်ပေါင်း တစ်သောင်းငါးထောင်ကျော်ဖြင့် မေလဆန်းတွင် ဖွင့်လှစ်ပြီး စာဖတ်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ပေးတော့မည်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ ပထမအဆောင်ကို ဖွင့်လှစ်ရန်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဓာတ်ပုံ)**



အမျိုးသား စာကြည့်တိုက် (နေပြည်တော်)တွင် အဆောင်လေးဆောင်ရှိပြီး ပထမအဆောင်တစ်ဆောင် ရာနှုန်းပြည့်ပြီးစီးကာ ကျန်ဆောက်လုပ်ဆဲ အဆောင်သုံးဆောင်ကိုလည်း ခွင့်ပြုရန်ပုံငွေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်လွှတ်တော် စည်းဝေး

**နေပြည်တော် မတ် ၁၉**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှင့် အဆိုတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့လာသဖြင့် ယာဉ်လိုင်းများ စတင်ပြေးဆွဲ

**နေပြည်တော် မတ် ၁၉**

ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုရှိရန် နိုင်ငံတော်အစိုးရက စစ်မှန်သော စိတ်ရင်းစေတနာဖြင့် ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်အနေဖြင့်လည်း ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါတွင် ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီဖြစ်၍ အများပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် မတ် ၁၈ ရက် နံနက် ၈ နာရီတွင် ဗန်းမော်-မြစ်ကြီးနား အဝေးပြေးပို့ဆောင်ရေးဝန်ဆောင်မှုအသင်း(မနောဇရာ) ယာဉ်လိုင်းပြေးဆွဲခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးကြီးဖုန်းမြတ်နှင့် တပ်မတော်အရာရှိများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ယာဉ်ပေါ်ပါ ခရီးသွားပြည်သူလူထုများအား လက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေ ကျေးရွာများတွင် ဆောင်ရွက်ပေးရန်ရှိသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့များသည် စီမံကိန်းနယ်မြေ၏ ကျေးရွာများသို့ သွားရောက်၍ အဖွဲ့ငယ်များဖြင့် မြေယာများ စိစစ်တိုင်းတာခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်နိုင်ရေး ညှိနှိုင်းခြင်း၊ အလုပ်အကိုင်ရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးရန်ရှိသည်များကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အနေဖြင့် မတ် ၁၈ ရက်တွင် ဖောင်းကတာ၊ ရွာရှည်၊ တုံ၊ တောင်ပလူ ကျေးရွာအုပ်စုများမှ တောင်သူ ၉၆ ဦးအား မြေယာလျော်ကြေးငွေကျပ် ၂၈၄၉ သိန်းကျော် ထပ်မံပေးအပ်ခဲ့သဖြင့် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်အတွင်း စုစုပေါင်းတောင်သူ ၂၅၉ ဦးအား မြေယာလျော်ကြေးငွေကျပ် ၈၄၄၇ သိန်းကျော် ပေးအပ်ခဲ့သည်။

မြေယာလျော်ကြေးငွေပေးအပ်ရာ၌ ဒေသခံတောင်သူများမှ တင်ပြသော မြေယာလျော်ကြေး ကန့်ကွက်လွှာ ၁၄ စောင်ကို လက်ခံရရှိပြီး သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့မှ မှတ်တမ်းတင် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ မြေယာလျော်ကြေးကန့်ကွက်လွှာများမှာ ကိုယ်စားထုတ်ယူမှုကို ကန့်ကွက်ခြင်း၊ အမွေဆိုင်ဖြစ်၍ ကန့်ကွက်ခြင်း၊ မြေယာပြန်လည်တိုင်းတာပေးရန် ကန့်ကွက်ခြင်းနှင့် လျော်ကြေးနှုန်းထားများ သတ်မှတ်ရာတွင် မြေ အမျိုးအစားကွဲလွဲချက်များရှိသဖြင့် ကန့်ကွက်ခြင်းတို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပေါင်မြို့နယ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်

**ပေါင် မတ် ၁၉**

ပေါင်မြို့နယ် ကျွဲခြံကျေးရွာ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမပေါ်ရှိ တံတားအမှတ် (၄/၁၇၅)တွင် မတ် ၁၈ ရက် နံနက် ၄ နာရီခွဲက ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ ခရီးသည်များတင်ဆောင်၍ ယာဉ်မောင်း ခင်မောင်ထွန်း မောင်းနှင်လာသည့် ပစ်တိုင်းထောင် (P.T.T) မှန်လုံ ယာဉ်အမှတ် ၆င/--- သည် တံတားလက်ယာဘက် အုတ်ခုံအားတိုက်၍ လမ်းဘေးရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်ပါ ခရီးသည် ၁၄ ဦးအနက် ဦးလှတင်၊ ဒေါ်ကွတ်နှင့် ဦးသန်းဇော်တို့သုံးဦးမှာ ဦးခေါင်း၊ ခြေထောက်နှင့်လက်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြပြီး ကျန်ခရီးသည်များမှာ ပွန်းပဲ့ဒဏ်ရာများသာ ရရှိခဲ့ရသည်။ ယာဉ်တိမ်းမှောက်ရခြင်းမှာ ယာဉ်မောင်းဖြစ်သူ အိပ်ငိုက်သွားခြင်းကြောင့်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများကို ပေါင်မြို့ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားသည်။ ယာဉ်တိမ်းမှောက်မှုကို ပေါင်ရဲစခန်းက ယာဉ်မောင်း ခင်မောင်ထွန်းအား (ပ) ၅/၂၀၁၃၊ ပုဒ်မ ၃၃၈/၃၃၇ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၅၆၅)**

# မျှော်ရစ်ကမ်းခြေ၌ ဝေလငါးသေတစ်ကောင် သောင်တင်

**ထားဝယ် မတ် ၁၉**

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် မျှော်ရစ်ကမ်းခြေ (ကမ်းပနီ)တွင် မတ် ၁၆ ရက်က ဝေလငါးအမျိုးအစား ငါးအသေကောင်တစ်ကောင် လာရောက်သောင်တင်နေကြောင်း သိရသည်။

အဆိုပါ ဝေလငါးသည် ခေါင်းမှ အမြီးအထိ ၄၂ ပေခန့် ရှည်ပြီး အချို့အသားများပုပ်ကြွေနေပြီဖြစ်ရာ လွန်ခဲ့သော တစ်လနီးပါးခန့်က သေဆုံးခြင်း ဖြစ်နိုင်ကြောင်း ဒေသခံ ရေလုပ်သားတစ်ဦးက ဆိုသည်။ ၂၀၀၅ ခုနှစ်အတွင်းကလည်း ၃၆ ပေရှိ ဝေလငါးတစ်ကောင်သည် မောင်းမကန်အနီးရှိ သဘော့ဆိပ်ကမ်းခြေတွင် လာရောက်သောင်တင်ခဲ့ပြီး ယင်းငါး၏ အရိုးစုကို ထားဝယ်တက္ကသိုလ်တွင် ပြသထားကြောင်း သိရသည်။

အခြားဝေလငါး တစ်ကောင်မှာလည်း ၂၀၀၇ ခုနှစ်ခန့်က တီစစ်၊ စမ်းလှမ်းကမ်းခြေတွင် လာရောက်သောင်တင်ခဲ့ဖူးရာ အရိုးရရန်အတွက် မြေမြှုပ်ထားရှိကြောင်း သိရသည်။ **ဖိုးဇော်(ထားဝယ်)**

# ဒုတိယအကြိမ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၉**

၂၀၁၃ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ငွေအဆင့်အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရွှေအဆင့် အသင်းလိုက် ပထမဆု၊ ငွေအဆင့် အသင်းလိုက် ပထမဆုတို့အား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် အခြားဆုများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမားခြောက်ဦး ပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးသည် အကျောမဲ့သတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသောစည်းကမ်းများနှင့် သတ်မှတ်ဂေါက်ကွင်း၏ ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် ဧပြီ ၂ ရက်နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း ၀၆၇-၄၀၆၀၃၄၊ ၀၆၇-၄၀၆၀၃၇ နှင့် Fax ၀၆၇-၄၀၆၀၃၅ တို့သို့ မှတ်ပုံတင်စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ပဲတီစိမ်း တန်ချိန် ၁၃၀၀ ကျော် တရုတ်သို့ တင်ပို့

**မုံရွာ မတ် ၁၉။** တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပဲတီစိမ်းများတင်ပို့ရာ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သော မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ပဲတီစိမ်းတန်ချိန် ၁၃၀၀ ကျော်အား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ပဲတီစိမ်းများမှာ ဈေးနှုန်းကောင်းမွန်နေပြီး ရွှေလီတွင် ပဲတီစိမ်းတစ်တန်လျှင် ယွမ် ၆၅၀၀ အထိ ဈေးနှုန်းရရှိနေကြပြီဖြစ်ကြောင်း တရုတ်နိုင်ငံ ရွှေလီမြို့တွင် ဈေးနှုန်းမြင့်တက်လာသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ပဲတီစိမ်းဈေးမှာ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ မတ်လ ပထမပတ်အတွင်း ပဲတီစိမ်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၄ သန်းရရှိခဲ့ကြောင်း သိရသည်။ **(မျိုးဝင်းထွန်း-မုံရွာ)**

ရှုခင်း

# မီးအားမြှင့်စက် အပူချိန်လွန်ကဲရာမှ အိမ်နှစ်လုံး မီးကူးစက်လောင်ကျွမ်း

**ရေတာရှည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄) ရပ်ကွက်၌ မတ် ၁၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် နေအိမ်သုံးမီးအားမြှင့်စက်အပူချိန်လွန်ကဲကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းကြောင့် လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **(ယာပုံ)**

ရေတာရှည်မြို့ အမှတ် (၄)ရပ်ကွက် ဆင်ဖြူရှင်လမ်းနေ ဦးရဲမင်း (၄၆) နှစ်၏ နေအိမ်တွင် အသုံးပြုလျက်ရှိသော မီးအားမြှင့်စက်အပူချိန်လွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ အိမ်နီးချင်း ဦးရဲနောင်၏ နေအိမ်သို့ပါ ဆက်လက်မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကြည်ထွန်းနှင့် မီးသတ်ယာဉ်သုံးစီး၊ ဆွာမြို့မှ မီးသတ်ယာဉ်တစ်စီး၊ တောင်ငူမြို့မှ မီးသတ်ယာဉ်တစ်စီး၊ ကေတုမတီမြို့သစ်မှ မီးသတ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၀၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဆင်တစ်ကောင်ကိုသတ်၍ အစွယ်ခိုးယူမှုဖြစ်ပွား



**အုတ်တွင်း မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း တောင်ငူခရိုင်သစ်တောကြိုးဝိုင်းအတွင်း ၂၄ မိုင်ခန့်အကွာ ဖြူးကွန်းကြိုးဝိုင်းတွင် မြန်မာ့သစ်လုပ်ငန်းပိုင် စွယ်စုံဆင်ထီးတစ်ကောင် သတ်ဖြတ်ခံရ၍ အစွယ်ကိုဖြတ်ကာ ခိုးယူမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ **(ဝဲပုံ)**

မတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တောင်ငူမြို့ မြန်မာ့သစ်လုပ်ငန်း လ/ထ မန်နေဂျာ ဦးကျော်မျိုးလင်းထံ ဖြူးကွန်းကြိုးဝိုင်း အကွက်အမှတ်(၈)တွင် တာဝန်ထမ်းဆောင်နေသူ ဆင်ခေါင်း ဦးစိုးဝင်းက ဖုန်းဖြင့်ဆက်သွယ်၍ သစ်လုပ်ငန်းဌာနပိုင် အသက် (၃၉) နှစ်၊ ဆင်အမှတ် ၅၁၄၂/ထီးစုံ ဆင်တစ်ကောင်သည် ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ စအိုမှ သွေးထွက်ကာသေဆုံးနေပြီး အစွယ်ဖြတ်ခံရကာ သေဆုံးနေကြောင်း သတင်းပို့သဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးခဲ့ရာတွင် ဆင်အစွယ် တစ်ပေ ကိုးလက်မခန့်၊ လုံးပတ်တစ်ပေခန့်၊ အလေးချိန် ၁၀ ပိဿာ၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၅၀ ခန့်နှင့် ဆင်တန်ဖိုးစုစုပေါင်း ကျပ်သိန်း ၂၀၀ ခန့်ဆုံးရှုံးခဲ့ကြောင်း၊ အမှုမှန်ပေါ်ပေါက်နိုင်ရန် အုတ်တွင်းရဲစခန်းမှ(ပ) ၈၇/ ၂၀၁၃၊ ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်၍ စခန်းမှူး ရဲအုပ်သိန်းကျော်နှင့် တပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၅၇၈)**

# အိမ်မဲမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**အိမ်မဲ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ပေပင်စုကျေးရွာတွင် မတ် ၄ ရက် ည ၈ နာရီက တဲအိမ်တစ်လုံးမီးလောင်ကျွမ်းရာ ကလေးတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ပေပင်စုကျေးရွာ၌ ခနိမိုး ခနိကာတဲအတွင်း ကိုစိုးသန်း၊ ဇနီး မစိန်သန်းကြည်၊ သားတစ်ဦးနှင့် သမီးတစ်ဦးတို့ အတူအိပ်နေကြစဉ် မီးဖိုမီးကွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့ရာ တဲအိမ်တစ်လုံးမီးလောင်ပြီး သမီးလေးတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

**ဇော်ထက်(အိမ်မဲ)**

# လပွတ္တာမြို့နယ်၌ ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**လပွတ္တာ မတ် ၁၉**

လပွတ္တာမြို့နယ် လေယဉ်ကွင်းကျေးရွာ၌ အမျိုးသမီးတစ်ဦး သစ်ပင်ပေါ်တွင် ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားကြောင်း သတင်းရသဖြင့် မတ် ၁၃ ရက် နံနက် ၁၁ နာရီခန့်တွင် ပြင်စလူရဲစခန်းမှ ဒုရဲအုပ်သန်းထွန်းနှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ လေယဉ်ကွင်းကျေးရွာနေ ဒေါ်မြင့်ငွေ (၄၅)နှစ်ဖြစ်ပြီး မိသားစုစီးပွားရေးအဆင်မပြေ စိတ်ညစ်မှုကြောင့် ၎င်း၏နေအိမ်အနောက်ဘက်ရှိ မလေးရှားပိတောက်ပင်တွင် ကြိုးဆွဲချသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**

# ပိုလိုဆေးသောက်ပြီး သေကြောင်းကြံစည်သူ အရေးယူခံရ

**ကျုံပျော် မတ် ၁၉**

ကျုံပျော်မြို့နယ် ပင်လုံရပ်ကွက် ခဲဘောင်ရပ်နေ ကံညွန့် (၃၇)နှစ်သည် မတ် ၁၃ ရက် ည ၈ နာရီခွဲတွင် မိမိကိုယ်ကို သေစေအောင် ပိုလိုပိုးသတ်ဆေးသောက်၍ အော့အန်နေသဖြင့် မိသားစုမှ ဆေးရုံသို့တင်ပို့လိုက်ရကြောင်း၊ မိမိကိုယ်ကို သေစေအောင်ကြံစည်သူ ကံညွန့်အား ကျုံပျော်ရဲစခန်းမှ (ပ)၁၆/၁၃၊ ပုဒ်မ-၃၀၉ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၅၅၂)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်


ကျောင်းပဒေသာတဂွဲ

Nay Lin Aung Finance & Accountancy Academy ၏ ကျောင်းပဒေသာတပွဲပျော်ပွဲရွှင်ပွဲများနှင့် နာမည်ကျော်အဆိုတော်တို့၏ တေးဂီတတင်ဆက်မှုများဖြင့် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ/သားဟောင်းများနှင့် စိတ်ပါဝင်စားသူများပါဝင်ဆင်နွှဲနိုင်ရန်အကြောင်းကြားအပ်ပါသည်။

ဖျော်ဖြေမည့် အဆိုတော်များ

တန်ဆောင်ကြီး ပျော်စင်ကျွန်း
(4:00 to 10:30 PM)
30-3-2013 (Saturday)

Main Sponsor by
MAX ENERGY

အမှတ် - 18(3A ~ 6B)



GOLDEN STAR Travels & Tours

| | |
|---|---|
| ☆ ရွှေတိဂုံ၊ ပုဂံ-ပုပ္ပါး | Mar22,Apr12 |
| ☆ မုံရွာ-အလောင်းတော်ကဿပ | Mar22,Apr12 |
| ☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ | Mar22,Apr12 |
| ☆ တောင်ကြီး-အင်းလေး-ပင်းတယ | Mar22,Apr12 |
| ☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ | Apr12 |
| ☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ | Apr12 |

Ph: 209200, 544383, 430480, 703448, 09-5081580



No.12 Vol.5
POPULAR News Journal
Right decisions come from wide vision.
လက်ပံတောင်းတောင်ဖြစ်ရပ် တိုင်းရင်းသားများအတွက် သင်ခန်းစာ



ဂျပန်နိုင်ငံတွင် ဂျပန်စာသင်တန်းတက်ရောက်သင်ကြားနိုင်ရေးအတွက် ရှင်းလင်းပွဲ

ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၃၊ ၃၊ ၂၀၁၃ (နေ့လယ် ၁း၀၀ နာရီ)
- ၂၄၊ ၃၊ ၂၀၁၃ (နံနက် ၁၀း၃၀ နာရီ)

ဆွေးနွေးမည့်အကြောင်းအရာ - ဂျပန်နိုင်ငံ NAGOYA မြို့တွင်ပညာသွားရောက် သင်ကြားလိုသူများအတွက် အကြံပြုဆွေးနွေးခြင်း။

ကျင်းပမည့်နေရာ - မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၂၄၆၆၁၃၆၊ ၂၅၃၁၇၇၊ ၃၈၄၃၁၀၉။

(လူဦးရေကန့်သတ်ထားပါသဖြင့် ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

(၁၉၈၈)ခုနှစ်မှစ၍ မြန်မာနိုင်ငံသား ကျောင်းသားများအားဂျပန်နိုင်ငံတွင်ပညာသင်ရန် ဆောင်ရွက်ပေး ခဲ့ပါသည်။ Visa ရရှိရန်သေချာမှု (၁၀၀%)ရှိပြီး ဂျပန်နိုင်ငံသား sponsor တာဝန်ယူပေးပါသည်။



သီတိုးမင်း Travel & Tours
"Euro Brand Scania 2+1 VIP Seat Car"
Include Services- stars Hotel, Special Restaurant, Guide-Medical-Gift services
09 73252239-09 73252240-09 73252241



ရွှေဥဒေါင်းမင်း
09421152677, 09421122687
Mar 25
55000



"စီဝေမ" "သမိုင်းကို" "တစေတ်ထန်းဝေမည်" စာအုပ်များ
စာအုပ်များထွက်နေပါပြီ

အထက်မြန်မာပြည်သတင်း

# ကုန်ကျစရိတ်နည်းသော မွေးမြူရေးလုပ်ငန်းဖြစ်အောင်ရည်မှန်းဆောင်ရွက်

**မိတ္ထီလာ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ တောမဘူတာမြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ ညောင်ပင်သာကျေးရွာတွင် အောင်မြင်နေသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နွားခြံတည်ရှိသည်။ ဦးခင်မောင်ဝင်းသည် တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းစွမ်းဆောင်ရည် ဆုရွေးချယ်ရေးအဖွဲ့မှ စံသတ်မှတ်ချက်များနှင့် ရွေးချယ်ခြင်းခံထားရသည့် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည်။ နိုင်ငံတော်၏ သားငါးထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်ရေးနှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစားနေချိန်တွင် ပုဂ္ဂလိက နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ခုအဖြစ်ပါဝင်လာသည်။ ထို့ကြောင့် အောင်မြင်နေသည့် စီးပွားဖြစ် နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာမှ နွားခြံပိုင်ရှင် ဦးခင်မောင်ဝင်းနှင့် တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့ပါသည်-

**မေး။ ဦးခင်မောင်ဝင်း နို့စားနွားမွေးမြူရေးလုပ်ငန်း စတင်လုပ်ကိုင်ခဲ့တာ ဘယ်နှခုနှစ်ကပါလဲ။ စတင်ချိန်က နို့စားနွားကောင်ရေ ဘယ်နှကောင်ရှိပါသလဲ။ အခုလက်ရှိအချိန် ဘယ်နှကောင်ရှိပါသလဲ။**

ဖြေ။ ကျွန်တော် နို့စားနွားမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တာ ၁၉၉၀ ခုနှစ်လောက်ကပါ။ ခုဆို ၂၃ နှစ်ကြာခဲ့ပါပြီ။ စတင်မွေးမြူချိန်က နို့စားနွားမ သုံးကောင်နဲ့ စတင်ခဲ့တာ။ အဲဒီအချိန်က ပျဉ်းမပင်နွားမွေးမြူရေးစခန်းကနေ မျိုးကောင်းမျိုးသန့် နွားသိုးတစ်ကောင်ဝယ်ယူသားစပ် မွေးမြူခဲ့တာပါ။ အခုနွားကောင်ရေ ၃၅၅ ကောင်မွေးမြူထားပါတယ်။

**မေး။ ခုနွားမျိုးတွေက ဘယ်လိုအမျိုးအစားတွေ ဖြစ်ပါသလဲ။**

ဖြေ။ ဖရီရှန်အမျိုးအစားတွေပါ။ နို့အထွက်နှုန်းကောင်း နို့စားနွားမျိုးပါ။

**မေး။ ခြံထဲမှာက နို့ပေးတဲ့နွားမ ဘယ်နှကောင်ရှိပါသလဲ။ နွားမတစ်ကောင် တစ်နေ့နို့ပေးနှုန်း ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ နို့ပေးနွားမ ၁၀၈ ကောင်ပါ။ နွားမတစ်ကောင်ရဲ့ တစ်နေ့နို့ပေးနှုန်း(နို့ထွက်နှုန်း)က ပျမ်းမျှ ခြောက်ပိဿာရှိပြီး ကျွန်တော့်ခြံရဲ့ စုစုပေါင်း တစ်နေ့နို့ထွက်နှုန်းက ပိဿာ ၆၁၀ ဖြစ်ပါတယ်။ နို့ချက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်တာမို့ အပြင်က နွားနို့ဝယ်ယူမှုရှိပါတယ်။ ပြင်ပက တစ်နေ့နွားနို့ ၁၄၁၀ ပိဿာဝယ်ယူပါတယ်။ ပြင်ပက ဝယ်ယူတဲ့ဈေးကတော့ နို့တစ်ပိဿာ ၆၉၀ ကျပ်ဖြစ်ပါတယ်။

**မေး။ နို့ချက်လုပ်ငန်းပါ တွဲဖက်လုပ်ကိုင်တယ်ဆိုတော့ တစ်နေ့ကို နို့ဆီဘယ်နှပိဿာထိ ချက်လုပ်ပါသလဲ။ ဈေးကွက်အခြေအနေကရော ဘယ်ဒေသတွေတင်ပို့ရပါသလဲ။**

ဖြေ။ တစ်နေ့နို့ဆီထုတ်လုပ်မှု ၁၀၈၀ ပိဿာထိ ချက်လုပ်နိုင်ပါတယ်။ နို့ဆီ ၁၄ ပိဿာဝင်ပုံး တစ်ပုံးကို ကျပ် ၃၂၀၀၀ ရောင်းချရပြီး မိတ္ထီလာအပြင် ရန်ကုန်၊ ပျဉ်းမနား၊ တောင်သာ စတဲ့ဒေသတွေအထိ တင်ပို့ရောင်းချရပါတယ်။

**မေး။ နွားခြံမှာ လုပ်သားဦးရေ ဘယ်လောက်ရှိပါသလဲ။ လုပ်သားတွေရဲ့ လုပ်ငန်းကဏ္ဍကို ဘယ်လိုခွဲခြားထားပါသလဲ။**

ဖြေ။ ကျွန်တော့်ခြံမှာက စုစုပေါင်းလုပ်သားဦးရေ ၁၀၀ ရှိပါတယ်။ နွားခြံထဲမှာတင် လုပ်ရတာမဟုတ်ဘဲ နွားခြံလုပ်သားအပြင်၊ အပြင်မှာ နွားကောက်တဲ့သူ၊ ကိုယ်ပိုင်လယ်ယာစိုက်၊ နွားကျွေးမြက်စိုက်ဆိုတော့ စိုက်ခင်းလုပ်သားလည်းရှိတယ်။ ပြီးတော့နို့ချက်လုပ်သားပေါ့။

**မေး။ လုပ်သားတွေရဲ့ တစ်ဦးချင်း တစ်နေ့ဝင်ငွေ ဘယ်လောက်ရှိပါသလဲ။ ကိုယ်ပိုင်လယ်ယာစိုက်တယ်။ နွားကျွေးမြက်စိုက်တယ်ဆိုတဲ့ အဲဒီအပိုင်းလေးရှင်းပြပေးပါဦး။**

ဖြေ။ လုပ်သားတစ်ဦးစီရဲ့ တစ်နေ့ပျမ်းမျှဝင်ငွေကျပ်၁၃၀၀ ကနေ ငွေကျပ်၂၀၀၀ ထိရှိပါတယ်။ ကိုယ်ပိုင်စားကျက်စိုက်ခင်း ဧက ၁၅၀ ရှိပါတယ်။ စပါးစိုက်တယ်၊ ကုလားပဲစိုက်တယ်။ ကုန်ချောကိုလူစားတယ်၊ ကုန်ကြမ်းက နွားစာအတွက် အစာကြမ်းအဖြစ်နဲ့အသုံးပြုပြီး စပါးခွံကိုတော့ နို့ချက်တဲ့လောင်စာအတွက် သုံးတယ်။ လောင်စာကဖြစ်တဲ့ စပါးခွံပြာ(ဖွဲပြာ)ကို လယ်ယာထဲမှာ မြေဩဇာအဖြစ်ပြန်သုံးတယ်။ စားကျက်စိုက်ခင်း ဧက ၁၅၀ မှာ လက်ရှိ ၂၅ ဧက စိုက်ပြီးပါပြီ။ နွားမွေးရင် အစာကြမ်းအတွက် မြက်စိုက်မှဖြစ်မယ်။ မြက်မစိုက်ရင် နွားမွေးလို့ မအောင်မြင်နိုင်ဘူး။ ဒါကြောင့် ကျွန်တော်မြက်စိုက်ခင်းတွေနဲ့ စိုက်တယ်။ နိုင်ငံခြားမြက်မျိုးတွေကိုပဲ စိုက်တာပါ။ နေပီယာ၊ မာကာ စတဲ့မျိုးတွေ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေပါတယ်။

**မေး။ ရှေ့ဆက်ပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းကို ဘယ်လိုအစီအစဉ်တွေနဲ့ တိုးတက်အောင်မြင်အောင် ပြုလုပ်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ရှေ့ဆက်ပြီး ကျွန်တော်စားကျက်စိုက်ခင်းမှာ နွားစာမြက်တွေကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပြီး နွားစာမြက်တွေစိုက်ပျိုးကျွေးမွေးပြီး လက်ရှိထက် ကုန်ကျစရိတ်နည်းတဲ့ မွေးမြူရေးလုပ်ငန်းဖြစ်အောင် ရည်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပေါင်းစည်းလယ်ယာထူထောင်ဖို့လည်း စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။



၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ သုံးနှစ်ဆက်တိုက် အစီအစဉ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းသူကျောင်းသားများအား နွားနို့တိုက်ကျွေးရေးလုပ်ငန်းကို ဆောင်ရွက်သွားရန်အတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရန် လိုအပ်သကဲ့သို့ နိုင်ငံ၏စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက စီးပွားဖြစ်နို့စားနွား မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးမှာ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ သို့အတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာမှ အောင်မြင်နေသည့် ဦးခင်မောင်ဝင်း၏ စီးပွားဖြစ် နို့စားနွားမွေးမြူရေးလုပ်ငန်းအား လေ့လာလျက် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းနိုင်သကဲ့သို့ မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့် စီးပွားဖြစ်နို့စားနွား မွေးမြူရေးလုပ်ငန်းထူထောင်လိုသူများ ဗဟုသုတအဖြစ် လေ့လာသိရှိနိုင်ရန်အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မန္တလေးဈေးချိုတော်နာရီစင် ပြုပြင်

**မန္တလေး မတ် ၁၉**

မန္တလေးဈေးချိုတော်နာရီစင်အား ဆေးသုတ်ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသော်လည်း တပ်ဆင်ထားသော နာရီအားအချိန်မှန်ရေးနှင့် မူလအသံမြည်စေရေး ပြုပြင်ရန်အတွက် ကုန်ကျစရိတ်များမည် ဖြစ်သောကြောင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ သိရသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံများအား နှစ်စဉ်ဘဏ္ဍာငွေ အသုံးစရိတ်အလိုက် ပြုပြင်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယခုနှစ်တွင် ဈေးချိုတိုက်တန်းကြီးနှင့် နာရီစင်တို့အား ဆေးသုတ်ပြီး အသေးစားပြုပြင်လျက်ရှိသည်။**(ဓါတ်ပုံ)**



ဈေးချိုနာရီစင်သည် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် နာရီလည်ပတ်လျက်ရှိရာ လျှပ်စစ်မီးမမှန်ချိန်တွင် နာရီရပ်လျက် အချိန်မှန် ဖော်ပြမပေးနိုင်ခဲ့ကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။ မန္တလေးဈေးချို နာရီစင်ကို ၁၉၀၉ ခုနှစ်တွင် အင်္ဂလန်မှ ဝိတိုရိယဘုရင်မကြီး၏ နှစ်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည်။

**မောင်ပြည်သူ (မန္တလေး)**

## မြစ်သားမြို့နယ်တွင် ကြက်သွန်နီတစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်း

**မြစ်သား မတ် ၁၉**

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ အခြေခံစားကုန်ဖြစ်သော ကြက်သွန်နီကို ရာသီအလိုက် ကိုယ်ပိုင်ယာမြေများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ရာသီဥတု ကောင်းမွန်သဖြင့် အထွက်ကောင်းပြီး ဈေးကောင်းရလျက်ရှိသည်။**(အောက်ပုံ)**

ကြက်သွန်နီမှာ သက်တမ်းရက်ပေါင်း ၁၀၀ ကျော်စိုက်ပျိုးရပြီး တစ်ဧကလျှင် ကြက်သွန်နီမျိုးစေ့ လေးပြည်ခန့်စိုက်ပျိုးရသည်။ သဲနုန်းမြေများတွင် ဖြစ်ထွန်းမှုလွယ်ကူသည်။ နောက်ဆုံးနုတ်သိမ်းသည့်အချိန်အထိ ၁၀ ရက်ခြားတစ်ကြိမ် ခုနစ်ကြိမ်ခန့် ရေသွင်းပေးရသည်။ တစ်ဧကလျှင် ကြက်သွန်စိုက်ခင်းမှ ကြက်သွန်နီ ပိဿာ ၃၅၀၀ ထွန်ရှိနိုင်မည်ဖြစ်ပြီး မန္တလေးဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာ ပေါက်ဈေး ငွေကျပ် ၅၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ပါက တစ်ဧကလျှင် စိုက်ပျိုးကုန်ကျစရိတ် ငွေကျပ် လေးသိန်းကျော် ရင်းနှီးမှုနုတ်လျှင် တောင်သူအတွက် ငွေကျပ် ၁၀ သိန်းခန့် အကျိုးဖြစ်ထွန်းသည်။ ယခင်နှစ်များက မြစ်သားမြို့နယ်တွင် ဇော်ဂျီမြစ်ရေလျှံမှုကြောင့် ကြက်သွန်စိုက်ခင်းများ ပျက်စီးခဲ့သဖြင့် ကြက်သွန်ဈေး တစ်ပိဿာကျပ် ၁၀၀၀အထိ ဈေးတက်ခဲ့သည်။ ယခုနှစ်တွင် တစ်ဖက်နိုင်ငံမှ ဝယ်ယူမှုနည်းခဲ့သဖြင့် ကြက်သွန်ဈေးတည်ငြိမ်လျက်ရှိကြောင်း သိရသည်။**မောင်စေတနာ(မန္တလေး)**



နန်းထိုက်တော်ဝင် စားသောက်ကုန် နည်းပညာ သင်တန်း

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက်ရွာနေ ဦးသိန်းဇော်[၅/ဆလက(နိုင်)၀၁၇၂၈၁]-ဒေါ်တင်အေး[၅/ဆလက(နိုင်)၀၂၁၀၈၅]၏ သမီး မအိအိဇော်[၅/ဆလက(နိုင်)၀၇၉၁၂၃]သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးသိန်းဇော်-ဒေါ်တင်အေး**

## မန္တလေးမြို့၌ ရေအခက်အခဲရှိပါက မော်တော်ယာဉ်များဖြင့် အခမဲ့ဖြန့်ဝေ

**မန္တလေး မတ် ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှုဌာန)က မန္တလေးခရိုင်အတွင်း မြို့နယ်ရပ်ကွက်များတွင် ရေပိုက်လိုင်းများမှ ရေရရှိမှုနည်းပါးခြင်း၊ ရေတွင်းရေကန်များ ရေခန်းခြောက်ခြင်း၊ ရေအထွက်နည်းခြင်းများ ဖြစ်ပေါ်ပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြားလျှင် ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ရပ်ကွက်များအလိုက် သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။**(ယာပုံ)**

မန္တလေးမြို့ရှိ လူနေရပ်ကွက် ၉၆ ရပ်ကွက်မှ လူဦးရေ တစ်သန်းကျော်အတွက် ရေဂါလန် ၂၄ သန်း၊ ကျိုးရေဂါလန် နှစ်သန်း ဖြန့်ဖြူးပေးလျက်ရှိပြီး ဧပြီလအတွင်း ရောဝတီမြစ်ရေစီမံကိန်းမှ ရေဂါလန် ၁၀သန်း ထပ်မံတိုးချဲ့ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိသည်။ မန္တလေးမြို့တွင် ရေမီတာ ၈၅၂၀၅၁ လုံးတပ်ဆင်ပေးထားကြောင်း သိရသည်။ **ကိုကိုကြီး(မန္တလေး)**





## ရွှေလီမြစ်အတွင်း တည်ထားသည့်စေတီ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မြန်မာ-တရုတ်နယ်စပ်တွင် ဖြတ်သန်းစီးဆင်းနေသော ရွှေလီမြစ်ထဲတွင် ရှေးနှစ်ပေါင်းများစွာက တည်ရှိသော ဆင်ဦးကင်းသဏ္ဌာန် သဘာဝကျောက်တုံးကြီးပေါ်တွင် ပင်မအလှူရှင် ဦးသန်းစိန်(ခ)ကိုအားတီနှင့် ဇနီး မလိဟန်၊ (သား)ထူးအောင်လင်းမိသားစုနှင့်အလှူရှင်များက "နဝင်းချမ်းမြေ့"ဘွဲ့တော်ရ ကိုးတောင်ပြည့်စေတီတော်တစ်ဆူကို ဖေဖော်ဝါရီလအတွင်းက တည်ထားခဲ့ရာ မူဆယ်မြို့မြောက်ဘက် တစ်မိုင်ကျော်အကွာတွင် စိတ်ဝင်စားဖွယ်ရာ ဖူးတွေ့နိုင်သည်။**(အပေါ်ပုံ)** **သိန်းဇော်(ရွှေလီဦး)**

## မူဆယ်တွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ (၁၀၅)မိုင် မိုင်းယုကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပရာ မူဆယ်မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများဖြစ်ကြသော မျိုးခိုင်(မူဆယ်)၊ မောင်ယဉ်မွန်(မောဝ်နေခြည်)၊ စိုး(မူဆယ်)၊ သိန်းဇော်(ရွှေလီဦး)တို့က ဖွင့်ပွဲတွင် စာပေဗဟုသုတများ ဟောပြောကြ၍ သင်တန်းသား သင်တန်းသူ ၉၀ ကျော်တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လတာဖြစ်ကာ ကွန်ပျူတာသင်တန်းများပါဝင်ပြီး အလှူရှင်များမှ သင်တန်းအတွက် ကွန်ပျူတာပစ္စည်းများ၊ စာအုပ်များလှူဒါန်းခဲ့ကြရာ ဆရာတော်များနှင့် ခရိုင်သာသနာရေးဦးစီးအရာရှိ ဦးနိုင်မောင်မောင်စိုးနှင့် မြို့နယ်သာသနာရေးမှူးတို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

## ရွှေပြည်သာမြို့နယ်၌ ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်း

**ရန်ကုန် မတ် ၁၉**

ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဗုဒ္ဓရုပ်ပွားတော်အား မပူဇော်နိုင်ကြသူများကို စာရင်းကောက်ယူကာ ဉာဏ်တော်အမြင့် ကိုးလက်မရှိသော ဗုဒ္ဓရုပ်ပွားတော်အဆူ ၂၀၀ကို အလှူရှင်ဦးကျော်အောင်-ဒေါ်ကြည်ကြည်စိန်မိသားစုက ရွှေပြည်သာမြို့နယ် အမှတ်(၁၄၊ ၁၅၊ ၁၆)ရပ်ကွက်များရှိ ပြည်သူများအား မတ် ၁၇ ရက် နံနက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

"ကျွန်မတို့ ဗုဒ္ဓဘာသာအနွယ်ဝင်ပြည်သူတွေဟာ ဗုဒ္ဓဘာသာနဲ့ သာသနာတော်ကို သက်ဝင်ယုံကြည်သည့်အလျောက် မိမိတို့တတ်စွမ်းသလောက် လှူဒါန်းမှုများပြုနေကြတာကို ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒါကြောင့်လဲ ကျွန်မတို့မိသားစုက ဘာသာ၊ သာသနာအတွက် ဖြည့်စွက်လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု မသူဇာတင်က ပြောသည်။ အလှူရှင်မိသားစုများသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ရှိ ဒေသအချို့တွင် ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၂၀၀၀ ကျော် လှူဒါန်းမှုပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။**(မြင့်သန်းကြည်-ရွှေပြည်သာ)**



## အအေးဆိုင်များကြောင့် ကြံပင်ထောင်များ အရောင်းသွက်

**ရေတာရှည် မတ် ၁၉**

ယခုကဲ့သို့ ပူပြင်းလှသည့် နွေရာသီရောက်လျှင် မြို့ပြနှင့်ကျေးလက်ဒေသများတွင် အအေးဆိုင်များ အလွန်ရောင်းကောင်းသဖြင့် ကြံပင်ထောင်ချန်သူများ ဝင်ငွေကောင်းလျက်ရှိသည်။

ကြံစိုက်ပျိုးသည့်တောင်သူအချို့မှာ ကြံပင်ထောင်ချန်၍ အချောင်းလိုက်ပြန်လည်ရောင်းချခြင်းဖြင့် တွက်ခြေကိုက်လျက်ရှိသည်။ အအေးဆိုင်များသို့ ကြံပင်အချောင်း ၁၀၀ လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချပြီး ကြံတစ်ချောင်းအား အရည်ညှစ်ပါက ကြံရည်နှစ်ခွက်ရနိုင်သဖြင့် တစ်ခွက် ၂၀၀ ကျပ်နှုန်းဖြင့် ကျပ် ၄၀၀ ရရှိပြီး အအေးဆိုင်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(၅၇၈)**

မီး ဘေး ရှောင် မ လောင် ခင် တား

၂၀၁၃ - ခုနှစ် သင်္ကြန်ခရီးစဉ်
ထားဝယ်ရှင်ကိုးရှင် နှင့် ကော့သောင်း ( ရနောင်း )
၁၂ - ၄ - ၂၀၁၃ မှ ၂၀ - ၄ - ၂၀၁၃ ထိ
သုခဝိန်စာငယ ၀၁ – ၂၄၃၀၇၉ / ၀၉ ၅၁၅၅၆၅၄

095181316,0973127074
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင် ] စားသောက်(ငြိမ်း)
သင်္ကြန် Package

Dream
ချောင်းသာ - ၁၀၀၀၀ိ/-
ကျိုက်ထီးရိုး- ၈၀၀၀ိ/-
09-5012452. 09-5075612.
09-5012336

ကားခရီးလုံးဝအားသည်
ဘုရားဖူးပဲသွားသွား..အပျော်ခရီးပဲ
ထွက်ထွက်..CRANE
518474,095094914

BDI Travels & Tours
Car Rental
Express Bus Ticket

## အထူးကျေးဇူးတင်လွှာ

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် (၁၄)ကြိမ်မြောက်ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့ရှိ လူနာပေါင်း (၈၁၄၁) ဦး တို့အား ၂၀၁၃ခုနှစ် မတ်လ ၈ရက်မှ ၁၁ ရက်နေ့ထိ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ရာတွင်ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့်, ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းကျန်းမာရေးဦးစီးမှူး၊ ဟုမ္မလင်းမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဆေးရုံအုပ်ကြီး နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ဝန်ထမ်းများ၊ ပရိယတ္တိဘုန်းတော်ကြီးကျောင်း နှင့် ရပ်ရွာဘုန်းတော်ကြီးကျောင်း များအားလုံး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရှမ်းစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့၊ ပညာရေးဝန်ထမ်းများ၊ Merlin NGO၊ ကြက်ခြေနီ၊ ပါရမီလူမှုရေးအသင်း၊ Lucky Time ၊ မွေးစကြာဝတ် အသင်းအဖွဲ့များ၊ ဟုမ္မလင်းလူငယ် ၊ နောင်ပကျစ်လူငယ်၊ နိုပဲဝ ဝေယျာဝစ္စအဖွဲ့များ၊ ရှမ်းတောင်တန်း နှင့် ရွှေနန်းကမ္ဘာမော်တော်ယာဉ်အသင်း၊ မေတ္တာဖြင့်တည်းခိုခွင့်ပေးသောရတီဟိုတယ်နှင့် ၊ မြို့ခံရပ်မိရပ်ဖများ၊ ခရီးစဉ်အသွား/အပြန် ကမ္ဘောဇလေကြောင်းလိုင်းဖြင့် လေယာဉ်စီးလုံးလှူဒါန်းပေးသော ကမ္ဘောဇဘဏ် ဥက္ကဋ္ဌဦးအောင်ကိုဝင်း၊ ဖန်းသီရိသုမ္မသီ'ဂီ ဒေါ်နန်းသန်းထွေးနှင့် အလှူရှင်များအားလုံး၊ ရိုက်ကူးမှတ်တမ်းတင်ပေးသောMRTV-4၊ Sky Netအဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုအထူးပင် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော် နှင့် အလုပ်အမှုဆောင်အဖွဲ့
ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း

FAME Phototec®
Natural antioxidant for eye
မျက်စိဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
1112YR008234

FAME Neurogin®
For microcirculation
အာရုံကြောဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006003 (0714)

ဆရာဝန်များ ဦးစီးသည့်
Since 1996
စံပြဘော်ဒီ နှင့် စာသင်ဝိုင်း
ကန့်သတ်လူဦးရေဖြင့် ထိထိရောက်ရောက်သင်ကြားပေးမည်။
မင်္ဂလာဒုံမြို့နယ်အတွင်း ကျောင်းကားစီစဉ်ပေးမည်။
ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၁-၆၃၈၀၅၀ ၀၉-၄၂၀၀၈၆၆၅၀

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ကျောင်းသားတစ်ဦးတည်းသာ လက်ညှိုးထောင်ပြ၏။

“လူမှုရေးစိတ်ပညာအထူးပြုမယ့်လူကကော”

ကျောင်းသူနှစ်ဦးနှင့် ကျောင်းသားတစ်ဦးက လက်ညှိုးကိုယ်စီ ထောင်ပြကြ၏။

လက်တွေ့စမ်းသပ်စိတ်ပညာ အထူးပြုမယ့်သူက ကျန်သော ကျောင်းသားတစ်ဦးက လက်ညှိုးထောင်ပြသည်။

“တော်တော်တော့ စုံကြသားပဲ၊ ကျွန်တော်က ကုသခန်းစိတ်ပညာကို တာဝန်ယူပို့ချပေးမယ်၊ ကုသခန်းစိတ်ပညာရဲ့သဘာဝကို အရင်နည်းနည်းရှင်းပြထားချင်တယ်”

“လက်တွေ့စမ်းသပ်စိတ်ပညာက ဓာတ်ခွဲခန်းအခြေအနေမှာ လေ့လာတာမို့ ပြတ်သားတိကျတယ်၊ ပညာရပ်သုံးစကားကိုတောင်မှ ဒေတာလင်းဂွစ်ရှ်ကို သုံးတယ်၊ အဓိပ္ပာယ်နှစ်ခွမထွက်သော၊ ဆိုလိုထားတာထက် အပိုဘာမှ အဓိပ္ပာယ်မပေးသော၊ လက်တွေ့စမ်းသပ်တိုင်းတာနိုင်တဲ့ ဖြစ်ရပ်တစ်ခုအဖြစ် လုပ်ပြနိုင်သော စကားအသုံးအနှုန်းကို ဒေတာလင်းဂွစ်ရှ်လို့ခေါ်တယ်၊ ဘာသာတော့ မပြန်ရသေးဘူး၊ တိကျခြင်း၊ ပြတ်သားခြင်း၊ မယုံရင် ထပ်စမ်းနိုင်ခြင်း စသည်တို့ဟာ လက်တွေ့စမ်းသပ်စိတ်ပညာရဲ့ ဂုဏ်အင်လက္ခဏာတွေပဲ။

ဒါပေမယ့် စိတ်ဆိုတာကို ဓာတ်ခွဲခန်းထဲမှာချည်း မလေ့လာနိုင်တာတော့ ခင်ဗျားတို့အားလုံးသိပြီးပဲ။

အထူးသဖြင့် ကုသခန်းစိတ်ပညာမှာ တွေ့ရှိချက်တွေက ကုရင်းသရင်းရတာ၊ မရည်ရွယ်တာတွေ့ရင်လည်းတွေ့တယ်၊ တွေ့တဲ့ဟာကို တိုင်းတာခြင်တွယ်နိုင်ဖို့ဝေးရော၊ တစ်ခါတစ်ရံ ယာယီနာမည်ပေးဖို့တောင် ခက်နေတယ်၊ လူ့ရောဂါနဲ့ ပတ်သက်တာဆိုတော့ တချို့ကိစ္စတွေမှာ ရွှေ့ဆိုင်းထားလို့လည်းမရဘူး၊ လူစင်စစ်ရဲ့ စိတ်စင်စစ်ကိစ္စဖြစ်နေတော့ ထပ်ထလဲလဲမကျေနပ်မခြင်း ပြန်ကျော့ကြည့်တယ်ဆိုတာမျိုးကိုလည်း အခါခပ်သိမ်းမလုပ်နိုင်ဘူး၊ ကုသခန်းစိတ်ပညာရဲ့ အဲဒီသဘာဝနဲ့ အခက်အခဲကိုတော့ ကြိုတင်သိထားဖို့လိုတယ်။

ဒီသဘောတွေကို နားလည်စေချင်လို့ ဒီနေ့ကမ္ဘာရဲ့ ကုသခန်းစိတ်ပညာမှာ ဩဇာအကြီးဆုံးဖြစ်နေတဲ့ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာကို ခင်ဗျားတို့ကို ကျွန်တော် အရင်ဆုံး လေ့လာခိုင်းတာ။

ဒီပညာကို စတင်ထွန်းကားစေတဲ့ ပါမောက္ခ ဖရွိုက် ကိုယ်တိုင်က ဝန်ခံခဲ့တယ်၊ သူတင်ပြခဲ့တဲ့ သဘောတရားတွေဟာ ဘယ်လောက်ယုံကြည်စိတ်ချနိုင်တယ်ဆိုတာ သူကိုယ်တိုင်လည်း အာမမခံရဲဘူးတဲ့၊ တခြားသူတွေကလည်း မျက်စိမှိတ်ပြီးမယုံလိုက်ကြပါနဲ့တဲ့၊ ပါမောက္ခဖရွိုက်ဟာ သူ့သက်တမ်းတစ်လျှောက်လုံး သူ့သီအိုရီတွေကို အစဉ်တစိုက်ပြုပြင်ပြောင်းလဲခဲ့တာ တွေ့ရတယ်၊ အချက်အလက်သစ်တွေ ထပ်တွေ့တိုင်း သူပြုပြင်ပြောင်းလဲခဲ့တယ်၊ နောက်ထပ်လည်း သူ့တပည့်တွေက ပြုပြင်ပြောင်းလဲခဲ့သေးတယ်။

ဒီနေ့ ကျွန်တော် ခင်ဗျားတို့ကို လမ်းကြောင်းပေးလိုက်ချင်တာက စိတ်နဲ့ပတ်ဝန်းကျင်အကြောင်းပဲ။

ခွဲခြမ်းစိတ်ဖြာ စိတ်ပညာလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် လူတော်တော်များများဟာ မသိစိတ်တို့၊ သိစိတ်တို့၊ စိတ်သည် တိမ်မြုပ်ခြင်းတို့၊ စိတ်သည် ဖိဆန်ခြင်းတို့၊ စိတ်ဒဏ်တို့၊ စိတ်ဒဏ်ဖြေခြင်းတို့စတဲ့ စကားလုံးတွေကို စသတိရကြတယ်၊ အတော်အတန်လေ့လာထားသူတစ်ယောက်ဆိုရင်လည်း အစ်ဒ်၊ အီဂို၊ ဆူပါအီဂို၊လစ်ဘီဒိုဆိုတဲ့စကားလုံးကြီးတွေကို သတိရကြတယ်။

အမှန်တော့ ဒီစကားလုံးတွေကို အလုပ်သဘောသုံး ဝေါဟာရတွေလို့ မှတ်ယူထားဖို့လိုတယ်၊ စိတ်အဖြစ်အပျက်တစ်ရပ်ကို အနီးစပ်ဆုံးနားလည်အောင် မသုံးမဖြစ်လို့ သုံးထားတဲ့စကားလုံးတွေလို့ မှတ်ယူထားဖို့လိုတယ်၊ သူ့ဟာသူ ပြည့်စုံပြီးမြောက်တဲ့ စိတ်ပညာပဋ္ဌလက်သဘောကြီးတွေလို့ သွားယုံကြည်လိုက်ရင် အမှန်တရားနဲ့ဝေးသွားမယ်၊ အထူးသဖြင့် စိတ်နဲ့ ပတ်ဝန်းကျင်ဆက်သွယ်မှုအခန်းဟာ မေးမှိန် သွားနိုင်တယ်။

ပါမောက္ခဖရွိုက်ရဲ့ သဘောတရားတွေမှာ ဝေဖန်ဖို့ အပြစ်မြင်တာဟာလည်း ဒီအပိုင်းမှာပဲဖြစ်တယ်၊ မူလလက်ဟောင်း ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှာ စိတ်နဲ့ပတ်ဝန်းကျင် ဆက်သွယ်မှုအခန်းဟာ မှေးမှိန်နေတာလည်းအမှန်ပဲ။

တိုးတက်လာတဲ့ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှာတော့ ပတ်ဝန်းကျင်ကို ရှေ့တန်းတင်လာတယ်၊ လူဟာ ပတ်ဝန်းကျင်ထဲမှာ ကျင်လည်နေတယ်၊ အထူးသဖြင့် လူမှုပတ်ဝန်းကျင်ထဲ ကျင်လည်နေတယ်၊ ဆိုက်ကိုနျူရိုးဆစ်ရောဂါက စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းစသည်ဟာ စိတ်မှာ အလိုလိုပေါ်လာတာတွေမဟုတ်ဘူး၊ ပတ်ဝန်းကျင်နဲ့ တုံ့ပြန်ရင်းက ပေါ်လာတာတွေ။

ခွဲခြမ်းစိတ်ဖြာစိတ်ပညာရဲ့ မငြင်းပယ်နိုင်တဲ့ တွေ့ရှိချက်(ဝါ)အချက်အလက်ကတော့ ဆိုက်ကိုနျူရိုးဆစ်ရောဂါရဲ့အခြေခံဟာ ကလေးဘဝမှာ စခဲ့တယ်ဆိုတာပဲ။ ပိုပြီးတိတိကျကျဆိုရရင် ကလေးဘဝအတွေ့အကြုံမှာပဲ၊ ကလေးဘဝအတွေ့အကြုံဆိုတာကလည်း အဲဒီကလေး ကျင်လည်ရတဲ့ လူမှုပတ်ဝန်းကျင်အလိုက် တွေ့ကြုံရတာပဲ ဖြစ်တယ်၊ လူမှုပတ်ဝန်းကျင်ဆိုတာဟာလည်း လူနေမှုစနစ်နဲ့ပတ်သက်နေတယ်”

ကျောင်းသားတစ်ဦးက ကြားဖြတ်ဝင်မေး၏။

“ဆရာဆိုလိုတာက နျူရိုးဆစ်ရောဂါဟာ ပတ်ဝန်းကျင်ကြောင့် ဖြစ်တယ်၊ ဗီဇကြောင့်မဟုတ်ဘူး ဒီလိုလား”

“ဒီမေးခွန်းမေးလို့ ကျေးဇူးတင်တယ်၊ ဗီဇနဲ့ပတ်ဝန်းကျင်အကြောင်းကို ခင်ဗျားတို့ ဖွတ်ဖွတ်ညက်ညက်ကြေအောင် သင်ခဲ့ရပြီးပြီ၊ ကျွန်တော် အထူးမရှင်းတော့ဘူး၊ နျူရိုးဆစ်ရောဂါဟာ မျိုးရိုးလိုက်သလား၊ မျိုးရိုးအဆင့်ဆင့်ကူးစက်သွားသလား၊ ဒီလိုမေးတာ ဆိုရင်တော့၊ အဖြေကမဟုတ်ဘူးဘဲ၊ တူညီသော ပတ်ဝန်းကျင်အခြေအနေမှာ မတူညီသောအဖြစ်ပေါ်လာခြင်းဟာ ဗီဇကြောင့်လား၊ ဒီလိုမေးတာဆိုရင်တော့ စဉ်းစားစရာအချက်တွေရှိတယ်။

ဥပမာ ကလေးနှစ်ယောက်ရှိတယ်၊ နှစ်ဦးလုံးဟာ နျူရိုးဆစ်ရောဂါဖြစ်စေနိုင်တဲ့ ပတ်ဝန်းကျင်မျိုးကြုံရတယ်၊ တစ်ဦးက နျူရိုးဆစ်ရောဂါဖြစ်တယ်၊ တစ်ဦးက မဖြစ်ဘူး၊ ခြားနားခြင်းအကြောင်းကို ဗီဇလို့တော့ မခေါ်ချင်ဘူး၊ ပတ်ဝန်းကျင်မဟုတ်သောအကြောင်းလို့ခေါ်ရမယ်၊ အဲဒီအကြောင်းမျိုးတော့ရှိတယ်၊ တိတိကျကျ ဘာရယ်လို့တော့ ဘယ်သူမှ မပြောနိုင်သေးဘူး၊ ဒီနေရာမှာ သတိပြုဖို့အချက်က လူနည်းစုသာ နျူရိုးဆစ်ဖြစ်တယ်ဆိုတဲ့အချက်ပဲ”

စောစောက ကျောင်းသားကပင် ပြောပြန်၏။

“ကျွန်တော်လဲ အဲဒီအချက်ကို ဆွေးနွေးမလို့ဘဲဆရာ၊ လူရယ်လို့ဖြစ်လာရင် ကလေးဘဝ လူမှုပတ်ဝန်းကျင်မှာ အနည်းနဲ့အများ နျူရိုးဆစ်ဖြစ်နိုင်တဲ့ အခြေအနေတွေကို ဖြတ်သန်းခဲ့ကြရတယ်၊ အများစုက မဖြစ်ဘူး၊ တချို့က ဖြစ်ကြတယ်၊ နျူရိုးဆစ်ရောဂါရှင်မှတ်တမ်းတွေကို ကျွန်တော် အများကြီးလေ့လာကြည့်တယ်၊ ရောဂါဖြစ်စေတဲ့ အတွေ့အကြုံတော်တော်များများဟာ လူတော်တော်များများကြုံဖူးကြတာပဲ၊ ကျွန်တော်ထင်တယ် တချို့ဟာတွေ ကျွန်တော်တောင် ကြုံဖူးတယ်လို့”

အခြားကျောင်းသားတစ်ဦးက “အင်းလေ၊ ခင်ဗျားလဲ နျူရိုးဆစ်ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဘယ်သိနိုင်မလဲ”ဟု ဆိုရာ

> “အမှန်တော့ ဒီစကားလုံးတွေကို အလုပ်သဘောသုံး ဝေါဟာရတွေလို့ မှတ်ယူထားဖို့လိုတယ်၊ စိတ်အဖြစ်အပျက်တစ်ရပ်ကို အနီးစပ်ဆုံးနားလည်အောင် မသုံးမဖြစ်လို့ သုံးထားတဲ့စကားလုံးတွေလို့ မှတ်ယူထားဖို့လိုတယ်၊ သူ့ဟာသူ ပြည့်စုံပြီးမြောက်တဲ့ စိတ်ပညာပဋ္ဌလက်သဘောကြီးတွေလို့ သွားယုံကြည်လိုက်ရင် အမှန်တရားနဲ့ဝေးသွားမယ်၊ အထူးသဖြင့် စိတ်နဲ့ ပတ်ဝန်းကျင်ဆက်သွယ်မှုအခန်းဟာ မှေးမှိန်သွားနိုင်တယ်”

ကျောင်းသူများ ရယ်ကြ၏။

ဦးမြင့်နွယ်လည်း လိုက်ရယ်သည်။

“မလုပ်ပါနဲ့ဗျာ၊ ဒီအပိုင်း သင်မိကတည်းက စိတ်ချောက်ချားနေရတဲ့ကြားထဲ၊ အဲ . . . ကျွန်တော် ဆိုလိုတာက ဗီဇ၊ ဗီဇဆိုတဲ့ စကားက ပြင်းထန်အားကြီးရင် ခုနင်က ဆရာ အမိန့်ရှိသလို ပတ်ဝန်းကျင်မဟုတ်သော အကြောင်းလည်း ပါနေမယ်ထင်တယ်”

“မောင်သိန်းအောင်ပြောတာ မှန်ပါတယ်၊ မပါဘူးလို့ ဆရာလည်း မပြောဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်ကြီးတွေလည်း မပြောဘူး၊ ဒါပေမယ့် ပါတယ်ဆိုတဲ့ စကားနဲ့အကြောင်းဆိုတဲ့စကားဟာ အဓိပ္ပာယ်အများကြီးကွာတယ်၊ တို့ရုပ်ရောဂါတစ်ခုကနေ ဥပမာယူကြရအောင်၊ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းလေးတစ်ကျွန်းမှာ အဆုတ်ရောဂါဖြစ်တဲ့လူတစ်ယောက်မှ မရှိဘူး၊ စမ်းသပ်ကြည့်တဲ့အခါမှာ အဆုတ်ရောဂါပိုးဒဏ် မခံနိုင်တဲ့လူတွေရှိနေတာ တွေ့ရတယ်၊ ဒါပေမယ့် ဒီလူတွေလည်း ဘာလို့အဆုတ်ရောဂါမဖြစ်သလဲ၊ အဖြေကတော့ အဲဒီကျွန်းနဲ့ ပတ်ဝန်းကျင်မှာ အဆုတ်ရောဂါပိုးမရှိလို့ဘဲ၊ အဲဒီလိုဘဲ ဆိုက်ကိုနျူရိုးဆစ်ရောဂါဖြစ်စေခြင်းမှာပါဝင်တဲ့ အခြားအခြေအနေတွေ ရှိကောင်းရှိမယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်ကတော့ အဓိကပဲ၊ သူမပါလို့ကိုမရဘူး၊ သူ့ကိုတော့ လက်ဆုပ်လက်ကိုင်မိထားတယ်၊ ဆရာပြောတာ သဘောပေါက်လား”

“ဒီသဘောလား၊ အား. . . အဲဒါတော့ သဘောပေါက်ပါတယ်”

“ပတ်ဝန်းကျင်နဲ့ နျူရိုးဆစ်ရောဂါ ဆက်သွယ်နေပုံရှိသေးတယ်၊ အဲဒါက စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းတွေကို ဖြစ်ပေါ်စေတဲ့ အခြေအနေတွေဟာ ယဉ်ကျေးမှုတစ်ခုနဲ့တစ်ခု မတူတာတွေ၊ လူ့စနစ်တစ်ခုနဲ့တစ်ခု မတူတာတွေ၊ ဒါ့အပြင် တခြားတစ်ခုရှိသေးတယ်၊ ယဉ်ကျေးမှု(ဝါ) လူ့ဘောင်တစ်ခုမှာ လက္ခဏာတစ်ခုဟာ နျူရိုးဆစ်ရောဂါဖြစ်နေပေမယ့် တခြား ယဉ်ကျေးမှု(ဝါ)လူ့ဘောင်တစ်ခုမှာတော့ ရောဂါမဟုတ်တာဘဲ၊ ရောဂါမဟုတ်တဲ့အပြင် တစ်ခါတလေ အဲဒါဟာ ထူးကဲမြင့်မြတ်မှု အင်္ဂါရပ်တောင် ဖြစ်ချင်ဖြစ်နေတတ်တာပဲ၊ ဒါတော့ ဆက်ဆွေးနွေးကြတာပေါ့၊ ဒီနေ့တော့ အချိန်လည်းစေ့သွားပြီ၊ ဆရာလည်း ချိန်းထားတဲ့ လူတစ်ယောက်ရှိသေးတယ်”

ဦးမြင့်နွယ်သည် အတန်းကို ဖြုတ်လိုက်သည်။

အခန်းပြန်ရောက်၍ လက်ဆေးအပြီးတွင် ဦးနေအောင် ရောက်လာ၏။

“လာ . . . ထိုင် ဦးနေအောင်၊ တယ်လည်း အချိန်မှန်ပါလား”

“ဟုတ်ကဲ့ ကျွန်တော်က အချိန်လေးစားမှုအကျင့်တော့လုပ်ထားတယ်”

ဦးနေအောင်က ဦးမြင့်နွယ် စားပွဲရှေ့တွင် ဝင်ထိုင်၏။

ဦးမြင့်နွယ်က ဦးနေအောင်ကို ခေတ္တအကဲခတ်ကြည့်သည်။

မိုးကုတ်သားမို့ထင်သည်၊ အသားအရေက ကောင်းမွန်ဖြူစင်သည်။ မျက်ခုံးမျက်လုံးကောင်းပြီး လူချောကြီးတစ်ဦးဟုခေါ်နိုင်သည်။ ငယ်စဉ်ကဆိုလျှင် မိန်းမများကျမည့်ရုပ်မျိုးဖြစ်၏။ ယခုပင်လျှင် သူ့မျက်နှာမှာ ဆွဲဆောင်မှုအပြည့်ရှိသေး၏။

ဆံပင်ကို အတိုဘက်လုညှပ်ထားသဖြင့် ရုပ်အသွင်ကပျိုနုချင်သည်။ သပ်ရပ်သော မဟာနဖူးထက်မှ မို့မို့ကြွကြွနေသော ဆံပင်တို့တွင် ဆံဖြူတစ်ပင်နှစ်ပင်စကိုကားတွေ့နိုင်ပြီ။

ကြက်ဥနှစ်ရောင် ရှပ်လက်တိုကို ဝတ်ထားသည်။ ရှပ်လက်တိုအဖျားက ခေါက်ထားပြီး ကြယ်စေ့ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**Khaing Khaing Sang Da Motorcar** မှ ဆီစားသက်သာသည့် Brand New နံပါတ်ထွက်ပြီး MPV နှင့် Light Truck **မော်တော်ယာဉ်အထူးဈေးရောင်းပွဲအား (18-3-2013)** မှ **(28-3-2013)** အထိ Model; တစ်မျိုးလျှင် အစီးရေ(၂၀) စီးအား ချိုသာသောဈေးနှုန်းများဖြင့် **Khaing Khaing Sang Da Motorcar Show Room** တွင် ရောင်းချပေးမည် ဖြစ်ပါကြောင်း မိတ်ဟောင်း၊မိတ်သစ် Caustomer များအားသတင်းကောင်းပါးအပ်ပါသည်။

No. 148, Pyay Road, (A-1 မှတ်တိုင်အနီး:), Mayangone Tsp, Yangon. Tel ; 660871, 611351, 611229, 611268, 098645893, 09425326378, 095108819, 09425326368

**၁၉၇၃/၇၄-၁၉၇၄-၇၅ မြောင်းမြဆရာအတတ်သင်ကျောင်းဆင်းများ တွေ့ဆုံပွဲ**

နေ့ရက်။ ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန်။ နံနက် ၉ နာရီမှ ၁၂ နာရီ
နေရာ။ အလက(၆)တောင်ဥက္ကလာ
လမ်းညွှန်။ နန္ဒဝန်ဈေးအနီး၊ စာဂလမ်း၊ ၄-ရပ်ကွက်
**ဆက်သွယ်ရန် ဦးစိုးသိန်း-၀၉ ၇၃၂၄၄၂၅၀၊ ဦးလှဒွေး-၀၉ ၄၂၁၁၃၈၈၁၆၊ ဦးလွင်ပင်-၀၉ ၇၃၀၁၀၃၈၉**

**မိုနဲဒါဖက်ရှင်**

- ကြော်ငြာ၊ လက်ဆောင်၊ ပရိမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-73045977, 09-73216251**
- **Website:www.facebook.com/moneda fashion and foodwears.**
- **E-mail: kyonedoe@gmail.com**

## ဦးကွာစွန်မြိုင်(ခ)ဦးပျို့ဝါ(ကျောက်တန်း)
## အသက်(၉၅)နှစ်
**(နာယက)**
**New Strength Company Limited**
**Lin Distribution Group**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၄)နေ (ဦးစံညွန့်)-ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်ရတီ(ခ)ဒေါ်ခင်လှ၏ ခင်ပွန်း၊ ဒေါ်ကျင်သန်း၊ ဒေါ်နွဲ့တို့၏ ခဲအို၊ ဒေါ်သန်းသန်းမြင့်၊ ဦးစုဝေ(MD-New Strength Co., Ltd.၊ LDG)-ဒေါ်သီသီလှ၊ ဦးငွေးမြင့်-ဒေါ်ကျင်စော၊ ဦးကျော်ဦး-ဒေါ်မြင့်မြင့်လွင်၊ ဒေါ်မာမာတင်၊ ဒေါ်ပြုံးပြုံးသန်း၊ ဦးကျော်ကျော်လွင်-ဒေါက်တာရီရီမြင့်တို့၏ ဖခင်၊ မအေးမြမြ(MBA, New Strength Co., Ltd.)၊ မထူးထက်ထက်ကျော်(ဆေး-၁၊ ရန်ကုန်၊ နောက်ဆုံးနှစ်၊ အပိုင်း-က)၊ မဝင့်ဇာနည်လင်း (အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ဒုတိယနှစ်)၊ မောင်ရဲအောင်ထက်(BA-English)၊ မောင်ငြိမ်းချမ်းထက်၊ မအိရွှေစင်ထက်၊ မောင်ဝေယံမြင့်၊ မမို့မို့မြင့်ကျော်၊ မသန့်ရွှေရည်ထက်၊ မောင်အောင်ကျော်ကျော်တို့၏ အဘိုးသည် ၁၉-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံး အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကွာစွန်မြိုင်(ခ)ဦးပျို့ဝါ(ကျောက်တန်း) (၉၅)နှစ်
**(နာယက)**
**New Strength Company Limited**
**Lin Distribution Group**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၄)နေ ဒေါ်ရတီ(ခ)ဒေါ်ခင်လှ၏ ခင်ပွန်းသည် ၁၉-၃-၂၀၁၃ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျာနှင့်ဝန်ထမ်းများ**
**New Strength Company Limited**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကွာစွန်မြိုင်(ခ)ဦးပျို့ဝါ(ကျောက်တန်း) (၉၅)နှစ်
**(နာယက)**
**New Strength Company Limited**
**Lin Distribution Group**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၄)နေ ဒေါ်ရတီ(ခ)ဒေါ်ခင်လှ၏ ခင်ပွန်းသည် ၁၉-၃-၂၀၁၃ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျာနှင့်ဝန်ထမ်းများ**
**Lin Distribution Group**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှကြွယ် (၈၇)နှစ်
**ဆင်ဖြူတော်ဆေးတိုက်၊ ဈေးတန်းရပ်၊ နမ့်ခမ်းမြို့**

ဦးသိန်းထွေး-ဒေါ်နန်းညွန့်တင်(ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)တို့၏ ဖခင် ဦးလှကြွယ် အသက်(၈၇)နှစ်သည် ၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမင်းသိန်း(ငြိမ်း)
## အသက်(၈၄)နှစ်

ဖခင်သဖွယ် လေးစားချစ်ခင်ရပါသော ဆရာ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေတပ်အမျိုးသမီးတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှအေး
## အသက်(၇၈)နှစ်

ဦးဝင်းနိုင်(မန်နေဂျာ၊ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်၊ ဘုရင့်နောင်ဘဏ်ခွဲတာဝန်ခံ)၏မိခင် ဒေါ်လှအေးသည် ၁၄-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း(ပါမောက္ခချုပ်-ငြိမ်း) သစ်တောတက္ကသိုလ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၁၃-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်မွှေးနည်းပညာကုမ္ပဏီများ**
**- Cultivaed Agarwood LLC (CA. LLC)**
**- Seven Mountain Co., Ltd. (Vietnam)**
**- Cultivated Agarwood Myanmar (CA Myanmar)**

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည်(ဟင်္သာတ)
## အသက်(၉၀)

ဟင်္သာတမြို့နေ (ဦးစွန်းနား-ဒေါ်မယ်ဝန်)တို့၏ သမီးကြီး၊ (ဦးဟုတ်ကျောင်)၏ဇနီး၊ (ဦးရွှေ)-ဒေါ်ပြုံး၊ (ဦးလှကြိုင်)-ဒေါ်တင်ဝင်းတို့၏အစ်မကြီး၊ မန္တလေးမြို့နေ ဒေါ်ညွန့်ညွန့်၊ ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)-ဒေါ်စိန်စိန်၊ ဒေါက်တာသိန်းငွေး-ဒေါ်သန်းသန်းဆင့်၊ ဦးဝင်းကြည်-ဒေါ်အေးအေးရီ၊ ဦးအောင်မင်း-ဒေါ်မြမြစိန်တို့၏ မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၃-၂၀၁၃ (အင်္ဂါနေ့) နံနက် ၂း၄၅ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၄၀)၊ ဂန္ဓမာလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြသွင် (၇၇)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုကြီးကြပ်ရေးနှင့်**
**လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ-ဒေါ်နီလာသွင်တို့၏ ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**အရာထမ်း၊ အမှုထမ်းများ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

AA Medical Products Ltd. မှ National Sales Manager မမြမြသွယ်၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်အောင်ဖြူ အသက်(၆၆)နှစ်သည် ၁၈-၃-၂၀၁၂၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်မိုးခိုင်-Dr. စောနေနွယ်**
**AA Medical Products Ltd.**

## ကျေးဇူးတင်ရှိခြင်း

၁၀-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဒေါ်မြင့်မြင့်စန်း(ဌာနကြီးမှူး၊ စီမံ-ငြိမ်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး) ဆေးကုသမှုခံယူစဉ် ဂရုတစိုက်ပြုစုကုသပေးသော အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ဆေးကုသဆောင်မှ ပါမောက္ခဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး(နေပြည်တော်)မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ဖုန်းနှင့်သတင်းမေးသော ပုဂ္ဂိုလ်များ၊ လူကိုယ်တိုင်အားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၃-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသော ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၆-၃-၂၀၁၃ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်လာကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခြားသော ကျေးဇူးတင်ထိုက်သောသူများအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်ဝင်း(ခ)ဦးတင်ခိုင်
## အသက်(၇၇)နှစ်
**ဒေးဒရဲအသင်းဝင်(၂၇၅)**

ဒေးဒရဲမြို့၊ ကမ်းနားလမ်းနေ (ဦးစိန်ညွန့်မောင်-ဒေါ်သန်းကြိုး)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၄)နေ ဒေါ်သောင်းစိန်၏ ခင်ပွန်း၊ သား၊ သမီး ရှစ်ယောက်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၈-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## ရဟန်းဒါယိကာမကြီး
## ဒေါ်စန်းစန်းမြင့်
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၄၃)နေ (ဦးကိုကိုကြီး)-ဒေါ်တင်မြတို့၏သမီးကြီး၊ ဦးအေးချစ်(ဒု-ညွှန်မှူး-ငြိမ်း၊ သမဦးစီး)၏ဇနီး၊ ဦးဇင်းဇာကုလ၊ ဦးနိုင်ဦး-ဒေါ်နှင်းနှင်းထွေးတို့၏ အစ်မ၊ ဦးကိုကိုနိုင်-ဒေါ်ချိုချိုခိုင်၊ ကို ထွန်းတင့်နိုင်၊ ကိုစိုးသန်းနိုင်-မစန္ဒာအောင်ချမ်း၊ ကိုမျိုးသန်းနိုင်-မညီညီထိုက်တို့၏မိခင်၊ အရှင်တိက္ခ၏ မယ်တော်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၈-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၈ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မကေဟေမာမာလာ(ခ)ပါးပါး
## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၂၂)၊ ပထမထပ်နေ Mr&Mrs K.S.N မူရသီး၏ တစ်ဦးတည်းသော သမီး၊ Mr. Ravi Sankar - ဒေါ်ချိုမာ၊ Gerald Murthi (ခ) ဦးတယ်မီ၊ Paul Murthi (ခ) ဦးမြသိန်း-ဒေါ်ခင်ခင်ချိုတို့၏ ညီမ၊ မဆွိတီ၊ မပြူတီ၊ ဒေါက်တာထွန်းထွန်းဝင်း၊ ကိုကြည်သာ၊ မခင်စန္ဒာတို့၏ အဒေါ်သည် ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ရဟန်းဒါယကာကြီး
## ဦးစိုးမြင့်
## အသက်(၈၆)နှစ်
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ အမှတ်(၄၂၀/က)နေ (ဦးဖိုးကျော့-ဒေါ်မယ်စိန်)တို့၏သား၊ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးတင်ငွေး-ဒေါ်ရီရီလှိုင်၊ ဦးမြင့်လွင်-ဒေါ်စိန်စိန်မြင့်၊ ဦးဇော်တင့်(E/E Pcl Shipping)-ဒေါ်ခင်မျိုးမြင့်၊ ဦးသိန်းဇော်(ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့)-ဒေါ်ခင်အေးမြင့်၊ ဦးကိုကိုဦး-ဒေါ်ခင်ငွေးမြင့်(လ/ထ ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမင်းသူရလင်း(CARNIVAL CRUISE LINE)-ဒေါ်ခင်ထားမြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တောင်ကြီးအသင်း(ရန်ကုန်)
## ဒေါက်တာဒေါ်တင်ရီရီ
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ Condo(A)၊ အခန်း(၁၂၀၂)နေ တောင်ကြီးအသင်း၏ အကြံပေးပုဂ္ဂိုလ် စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစဝ်စိုင်းလုံ၏ ဇနီး၊ တောင်ကြီးအသင်း အတွင်းရေးမှူး ဒေါ်စဝ်သီတာထွေး၏ အစ်မ ဒေါက်တာ ဒေါ်တင်ရီရီသည် ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမရှဒန်နန်းအောင်
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၆)၊ လေးလွှာနေ သင်းထောက်ဦးလယောက်အောင်ဖန်း၏ ဇနီးသည် ၁၈-၃-၂၀၁၃ရက် နံနက် ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၀-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [စမ်းချောင်း၊ ရွှေပြည်အေးလမ်းရှိ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းရှေ့နှင့် အမှတ်(၆)၊ လေးလွှာ၊ မြဝတီလမ်း၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းနေအိမ်တို့မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်မိုး
## အသက်(၅၁)နှစ်

အမှတ်(၁၂၉)၊ တတိယထပ်(ဘယ်)၊ (၅၁)လမ်း(အလယ်)၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ [ဦးအုန်းမြင့်(အကောက်ခွန်)]-ဒေါ်လှတင့်တို့၏သား၊ ဦးထွေးမြင့်-ဒေါ်ထားမြင့်တို့၏တူ/သား၊ ဦးထွန်းစိန်-ဒေါ်ခင်သန္တာတို့၏မောင်၊ (ဦးဇော်မိုး)-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ခင်သီတာတို့၏ အစ်ကို၊ မဝင်းဝင်းမော်၏ခင်ပွန်း၊ မဆွေဆွေမိုး၊ မောင်ချစ်ဇင်လင်း-မခိုင်ဇာသွင်၊ မောင်ကျော်ဇင်သိုက်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေး ဦးကျော်မိုးသည် ၁၉-၃-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**မင်းကျောင်းစာသင်တိုက်ကြီး၏ ပဓာနမဟာနာယကဆရာတော်**
**အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**
## ဘဒ္ဒန္တ ဝဇီရဉာဏ မဟာထေရ်မြတ်ကြီး
## သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်ကြီး၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တ ဝဇီရဉာဏ(အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်) သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) ၁၉-၃-၂၀၁၃ (အင်္ဂါနေ့) နံနက် ၀၀း၀၁ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ သိစေရန် အကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပန တေဇောဓာတ်ပူဇော်မည့်အကြောင်း ထပ်မံကြေညာပါမည်။)

တိုက်အုပ်ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ
မင်းကျောင်းစာသင်တိုက်၊ ဖြူးမြို့

## ဗိုလ်ကြီးအောင်စိုး(ငြိမ်း)
## အသက်(၇၇)နှစ်

(ဦးဘမောင်-ဒေါ်စံယု)တို့၏ သား၊ ဒေါ်တင်မေ၏ မောင်၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်၊ အမှတ်(၄)လမ်းမ၊ အမှတ်(၃၆)နေ ဒေါ်မြသွယ်၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်မိမိခိုင်၊ ဦးကျော်ကျော်စိုး-ဒေါ်နီနီအောင်၊ (ဒေါ်ဖြူဖြူအောင်)၊ ဒေါ်ဝါဝါအောင်တို့၏ မွေးသဖခင်၊ မောင်အောင်ကောင်း၊ မောင်ဉာဏ်လှိုင်ဘွား၊ မပွင့်ဖြူသန့်တို့၏ အဘိုးသည် ၁၉-၃-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၃ (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါရွှေပြည်သာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်တင်ရီရီ(Nina)
## အသက်(၇၅)နှစ်
**တာဝန်ခံဆရာဝန်(ငြိမ်း)၊ ဗဟန်းမြို့နယ်**
**(မိုးကုတ်ယောဂီ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်း(၁၂၀၂)နေ (ဦးဘာဘာ-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးစဝ်ထီး-ဒေါ်ရွှေမြ)တို့၏ သမီးချွေးမ၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးစဝ်စိုင်းလုံ၏ ချစ်လှစွာသောဇနီး၊ မအေးအေးသန်း၊ စိုင်းလင်းကြည်-မိခင်ဦးမော်၊ စိုင်းအောင်ကျော်-မသွဲ့နိုင်ဦး(YCDC)တို့မိခင်၊ မင်းဇွဲစစ်ပိုင်လင်းကြည်၊ မောင်သုခဟိန်း၊ မောင်ဉာဏစွမ်းတို့၏ အဘွားသည် ၁၉-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်တင်ရီရီ(Nina)
## အသက်(၇၅)နှစ်
**တာဝန်ခံဆရာဝန်(ငြိမ်း)၊ ဗဟန်းမြို့နယ်**
**(မိုးကုတ်ယောဂီ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်း(၁၂၀၂)နေ (ဦးဘာဘာ-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးဝင်းမောင်-ဒေါ်ဖွားသန့်)၊ ဦးဝင်းဖေ-(ဒေါ်ညွန့်ညွန့်ဝင်း)တို့၏ ညီမ၊ (ဦးမောင်မောင်)-ဒေါ်ရီစီ၊ ဦးမြတ်စံဦး-ဒေါ်သန့်သန့်အေး၊ ဦးသိန်းဇော်-ဒေါ်သောင်းသောင်းငွေး၊ (ဦးပါပီး)-ဒေါ်အေးမြင့်တို့၏ အစ်မ၊ (ဦးစဝ်ထီး-ဒေါ်ရွှေမြ)တို့၏ သမီးချွေးမ၊ (ဦးစဝ်ကျော်ဇံ-ဒေါ်ခင်တင့်)၊ (ဗိုလ်မှူးစိုင်းအောင်ဝင်း)-ဒေါ်ခင်ဝင်းဖြူတို့၏ ညီမ၊ ဦးမျိုးမြင့်-ဒေါ်စဝ်မြဝတီ၊ ဦးစဝ်ယွန်းပိုင်-(ဒေါ်ရွှေရွှေ)၊ ဦးစဝ်ထွန်းနိုင်-ဒေါ်တင်နွဲ့ရီ၊ (ဦးစိုင်းမျိုးသန့်)-ဒေါ်စဝ်သီတာထွေးတို့၏ အစ်မ၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးစဝ်စိုင်းလုံ၏ ချစ်လှစွာသောဇနီးသည် ၁၉-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်သိန်းတင်(ကျိုက်လတ်)
## အသက်(၉၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ်(၂၅)၊ (၃)လမ်းနေ (ဦးကြာခိုင်-ဒေါ်သီ)တို့၏ သမီး၊ [ဦးဘိုးကြွယ်(လက်ထောက်စီမံရေးမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)]၏ ဇနီး၊ ဦးအေးဟန်(မြန်မာ့လေကြောင်း၊ စက်မှုဌာန)-ဒေါ်သင်းသင်းကြူ၊ ဦးရဲထွဋ်(မြန်မာ့လေကြောင်း၊ စက်မှုဌာန)-ဒေါ်ခင်မြင့်တို့၏ မိခင်၊ ကိုစိုးထွဋ်၊ မသဇင်အောင်၊ မနွယ်နွယ်အောင်၊ မဆုနန္ဒာထက်တို့၏ အဘွား ဒေါ်သိန်းတင်သည် ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင်
## အသက်(၈၆)နှစ်
**(နာယက၊ ရောင်တော်ဖွင့်အသင်း၊ ရွှေတိဂုံစေတီတော်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ နှင်းပန်းလမ်း၊ အမှတ်(၁၉)၊ ပထမထပ်နေ (ဒေါ်ဝင်း)၏ ခင်ပွန်း၊ (ဒေါက်တာခင်ငွေးအောင်)-ဦးသိန်းကျော်၊ (ကိုလှထွန်းအောင်)၊ ဒေါ်ခင်စန္ဒာအောင်-ဦးစိုးညွန့်အောင်(WANHAI SHIPPING)၊ ဒေါ်ခင်လေးအောင်(NHL)၊ (ဦးတင်ထွန်းအောင်)-ဒေါ်ယဉ်အေးအေး(Dagon International Co., Ltd.)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၃-၂၀၁၃ (စနေနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၁၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ



**ရန်ကုန် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr.Pham Thanh Dung နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ထိုင်းနိုင်ငံရှိ မြန်မာအကျဉ်းသားများ လွတ်မြောက်ရေးအတွက် သံတမန်နည်းလမ်းများအရ ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁၉**

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ထိုင်းနိုင်ငံအကျဉ်းထောင်များ၌ အကျဉ်းကျနေသည့် မြန်မာနိုင်ငံသား အကျဉ်းသားများလွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် အကျဉ်းကျနေကြသည့် မြန်မာနိုင်ငံသားအကျဉ်းသားများလွတ်မြောက်ရေး၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးနှင့်ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကူညီစောင့်ရှောက်ခွင့်များရရှိရေးတို့အတွက် ထိုင်းနိုင်ငံ၏ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် သံတမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

အလားတူ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက **ပြည်ထောင်စုမဟာဓာတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ သွယ်တန်းဆောင်ရွက်နေသော မဟာဓာတ်အားလိုင်းများ၏စီမံကိန်းများနှင့်ပတ်သက်၍ သိရှိလိုကြောင်း**မေးမြန်းခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်မည့် (၆၆)ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း မိုင်(၂၀)နှင့်ဓာတ်အားခွဲရုံ စီမံကိန်း၊ (၆၆)ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း မိုင်(၄၀)နှင့်ဓာတ်အားခွဲရုံစီမံကိန်း၊ (၆၆)ကေဗွီ ကျိန္တလီ-ဂွ ဓာတ်အားလိုင်း (၄၄)မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းများပြီးစီးပါက ကျိန္တလီ၊ ဂွ၊ မင်းပြားမြို့များနှင့် ဆက်စပ်ကျေးရွာဒေသများသို့ လျှပ်စစ်ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

အမျိုးသားလွှတ်တော်အစည်းအဝေး

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လွှတ်တော်မှ ဥပဒေပြု၊ ပြည်ထောင်စုအစိုးရမှ အလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့ကျင်းပရာ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရုံးဖွဲ့စည်းပုံ(မူကြမ်း)ကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းရဲထွေး၏ **ရန်ကုန်မှမန္တလေးသို့ သွားလာလျက်ရှိသည့် ယခင်လမ်းဟောင်းအား ကုန်တင်ယာဉ်ကြီးများနှင့် ၎င်းလမ်းပေါ်ရှိမြို့ရွာများမှ ယာဉ်ငယ်များ အသုံးပြုလျက်ရှိပါသဖြင့် အဆိုပါလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်-ပဲခူး-မိတ္ထီလာ- မန္တလေးလမ်းအား အပိုင်း(၈)ပိုင်းခွဲ၍ ကုမ္ပဏီ(၇)ဖွဲ့မှ ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကျော်ထွန်းအောင်တင်ပြချက်များကို အကောင်အထည်ဖော်ရန် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်အား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


မြန်မာနိုင်ငံကူးလက်မှတ် လျှောက်လွှာပုံစံများနှင့် ပတ်သက်၍ သိစေရန် — စာမျက်နှာ - ၃

ကမ္ဘာ့လက်နက်တင်ပို့သော ထိပ်တန်းငါးနိုင်ငံတွင် တရုတ် ပါဝင်လာ — စာမျက်နှာ - ၄

သတ္တမအကြိမ်မြောက် အာရှရုပ်ရှင်ပွဲတော်၌ ဟောင်ကောင်ဒရာမာဇာတ်ကား ပရိသတ်အကြိုက်ဆုံးဆုရ — စာမျက်နှာ - ၁၂

တပ်မတော်တွင် တာဝန်ထမ်းဆောင်ရမည့် ချွဲဒေါင်ဝန်း — စာမျက်နှာ - ၁၂

နာပိုလီတိုက်စစ်မှူး အက်ဒီဆင်ကာဗာနီအား ပေါင် သန်း ၆၀ ပေး၍ မန်စီးတီး ခေါ်ယူနိုင် — စာမျက်နှာ - ၁၃



ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာအပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။




